


ကံ့
ကော်
ဝတ်
ရည်



SAMPLE BOOK

ISBN 978-99971-44-78-2
K0456

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၁၉၈၁ ခုနှစ်။ လွင်မော်စာပေ။

ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၁၉၉၇ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။

တတိယအကြိမ် - မတ်လ၊ ၂၀၁၁ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။

စတုတ္ထအကြိမ် - အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- မြင့်မောင်ကျော်

တန်ဖိုး - ၈၀၀၀ ကျပ်



mgyoe.com

mgyoe.com

SAMPLE BOOK

တက္ကသိုလ်တုန်းနိုင်

# မေတ္တာများနဲ့ စိန်ပန်းနီနီ



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

စကားသစ္စာ
မှန်သောခါကား
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။

ရှင်မဟာသီလဝံသ

သစ္စာ

ငါ့စာဖတ်၍ မမြတ်တိုင်စေ
မရှုံးစေသား။ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ပြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁ )

ရန်ကုန်-မုတ္တမ အမြန်ရထားကြီးသည် အလံတစ်ရာစေတီတော်ကြီးကို လက်ဝဲဘက်၌ ချန်ထားခဲ့ကာ သထုံဘူတာဆီ ရှေးရှု ခုတ်မောင်းနေ၏။

အင်္ကျီဖြူနှင့် ဘောင်းဘီပြာကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် နုပျို မွန်ရည်သော လက်မှတ်စစ် လုလင်သည် အထက်တန်းတွဲအတွင်း၌ လက်မှတ်များကို စစ်ဆေးနေ၏။

ခုံတန်းစဉ် ရှစ်ကို စစ်ဆေးပြီးသည့်နောက် လက်မှတ်စစ် လုလင်သည် ခုံတန်းစဉ် ကိုးမှ ခုံနံပါတ် 'က-၉' အနီး၌ ရပ်လိုက်၏။

ယင်းခုံ၌ ထိုင်သူ လူရွယ်က လက်ဝဲဘက် ခုံတန်းဆီ ငေးစိုက်လျက် လိုက်ပါလာသောကြောင့် လက်မှတ်စစ် ရပ်လာသည်ကို သတိပြုမိဟန် မတူ။

"လက်မှတ်လေး ခင်ဗျာ"

လက်မှတ်စစ်လုလင်က အသံပြုလိုက်မှ လူရွယ်က ထိတ်လန့်တကြား မော့ကြည့်၏။ ပြီးမှ ရှက်ပြုံး ပြုံးပြီး လက်မှတ်ကို ထုတ်ပြသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

လက်မှတ်ပေါ် ဘောလ်ပင်နှင့် ခြစ်နေရင်းက လက်မှတ်စစ် လုလင်၏ မျက်လုံးများသည်လည်း စောစောက ခရီးသည် လူရွယ် ငေးရာဘက်သို့ အမှတ်မထင် ရောက်သွားသည်။

သည်တစ်ကြိမ်တွင် လက်မှတ်စစ် လုလင်ကိုယ်တိုင် ခေတ္တငေးစိုက်ကြည့်မိနေ၏။

လေတိုးသဖြင့် အနည်းငယ် လှုပ်ရှားနေသည့် နက်မှောင်သော ဆံပင်ဆံနွယ်များ။ နက်မှောင်သည် ဆိုခြင်းထက် ပိတုန်းရောင်ကဲ့သို့ ပြာပြာမှောင်မှောင်ဟု ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

သည်ဆံပင်ဆံနွယ်များက မျက်လုံးများကို ရှေးဦးစွာ ဆွဲငင်ဖမ်းယူသည်။ နောက် ဘေးတိုက် အမြင်တွင်ပင် အချိုးကျ ချောမောသမျှ ဝင်းဝါ သန့်စင်သည့် မျက်နှာ။ ပြီးတော့ ဆံပင်ရောင်ကဲ့သို့ပင် ပြာမှောင်ချင်သော မျက်ခုံးနှင့် မျက်တောင်ကော့ကော့ရှည်ရှည်များ။

လက်မှတ်စစ် လုလင်သည် မသိမသာ မျက်မှောင် တစ်ချက်ကြုတ်သွားပြီးမှ မျက်လုံးများကို ရုပ်သိမ်းလျက် လက်မှတ်ကို ခရီးသည် လူရွယ်အား ပြန်ပေးသည်။

လူရွယ်က လက်မှတ်စစ် လုလင်အား ပြုံးဖြဖြနှင့် ကြည့်သည်။

လက်မှတ်စစ်လုလင်က 'က-၉' နှင့် မျက်နှာချင်းဆိုင်ရှိ 'က-၁၀' ခုံမှ ခရီးသည်၏ လက်မှတ်ကို လျင်မြန်စွာ စစ်ဆေးလိုက်ပြီး လက်ဝဲဘက်ခုံတန်းဆီ ကူးလိုက်၏။

သည်ဘက်မှာက နှစ်ခုံတွဲလျက် မျက်နှာချင်းဆိုင် လေးခုံ ရှိသည်။

'ခ-၉' နှင့် 'ဂ-၉' တွင် လူကြီးတစ်ဦးနှင့် မိန်းမကြီး စုံတွဲ ထိုင်နေသည်။ 'ခ-၁၀' မှာက ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ် မိန်းမငယ်တစ်ဦး။ 'ဂ-၁၀' မှာက လက်မှတ်စစ် လုလင် စောစောက ငေးကြည့်မိသည့် မိန်းမချော။

မိန်းမချောနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ခန့်ချောချောသည့် မိန်းမကြီးက လက်မှတ် လေးစောင် ထုတ်ပေး၏။

လက်မှတ်များကို စစ်ဆေးပြီးနောက် လက်မှတ်စစ် လုလင်သည် မိန်းမချောဘက် လှည့်ကာ ပြုံးလျက် နှုတ်ဆက်သည်။

"ဆရာမ... မော်လမြိုင် သွားမလို့လား"

mgyoe.com

mgyoe.com SAMPLE BOOK


မိန်းမချော၏ ပါးစပ်လေး ဟသွားသည်။ ပထမမူ မျက်သား ပြာသော မျက်လုံးများက ဝန်းဝန်းလည်သွားသည်။ ထို့နောက် မျက်တောင်ကော့များကို လှန်ကာ လက်မှတ်စစ် လုလင်ကို စိုက်ကြည့်နေသည်။ ဘာမျှတော့ မဖြေ။

"ဆရာမ ဒေါ်လှဲ့လှဲ့ မဟုတ်လား၊ ကျွန်တော့်ကို မမှတ်မိဘူး ထင်တယ်၊ ကျွန်တော့်နာမည် မောင်သိန်းလွင်ပါ၊ ရန်ကုန် ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်မှာ မြန်မာစာ အဓိက ယူခဲ့ပါတယ်၊ ဆရာမရဲ့ တပည့်တစ်ဦးပါ"

မိန်းမချောက ပါးစပ်လေး ဟ၍ သူ့ကို ငေးကြည့်မြဲ ကြည့်နေသည်။ မျက်လုံးပြာများက မသိမသာ ဝန်းဝန်းလည်နေ၏။

မိန်းမကြီးက ပျာပျာသလဲ ဝင်ပြော၏။

"ဩော်... ဩော်... ဟုတ်ပါတယ် ဒေါ်လှဲ့လှဲ့ပါ၊ ငါ့တူက သမီးကို မှတ်မိတယ်ပေါ့"

"မှတ်မိတာပေါ့ ခင်ဗျာ၊ ဩော်... ဒါထက် ဆရာမ ဩစတြေးလျကို ပညာတော်သင် သွားခဲ့တယ် မဟုတ်လား၊ အခု ပြန်ရောက်ပြီပေါ့နော်"

"ငါ့တူက ဒါကိုတောင် သိတာကိုး၊ ဟုတ်တယ်၊ ပြန်ရောက်တာ တစ်နှစ်ကျော်ပြီ၊ မင်းဆရာမ နာမည် အပြည့်အစုံက အခု... အဲ... ဒေါက်တာလှဲ့လှဲ့တဲ့"

"ဝမ်းသာလိုက်တာ ခင်ဗျာ၊ ကျွန်တော်တို့ တပည့် ဆိုတာက ဘယ်ရောက်နေနေ ဆရာ.. ဆရာမတွေကို မမေ့ပါဘူး၊ ဆရာမကိုတော့ အထူးအမြဲ သတိရတာပေါ့၊ ဆရာမက ကျွန်တော်တို့ လေးစား နှစ်သက်တဲ့ စာရေးဆရာမကြီး လည်း မဟုတ်လား၊ ဒါပေမဲ့ အခုတစ်လော ဆရာမ ဝတ္ထုတွေ မထွက်ဘူးနော်"

နောက်ဆုံး မေးခွန်းကို မောင်သိန်းလွင်က မိန်းမချောအား ကြည့်လျက် မေးခြင်း ဖြစ်၏။

အဖြေကို မိန်းမကြီးကပင် ပေးသည်။

"အင်း... မင်း ဆရာမက ပြန်ရောက်စလည်း ဖြစ်နေတယ်၊ ပြီးတော့ ကောင်းကောင်း နေမကောင်းဘူးကွယ်"

မောင်သိန်းလွင်က မိန်းမကြီးကို ကြည့်သည်။ ထို့နောက် မိန်းမချောကို ပြန်ကြည့်၏။

မိန်းမချော၏ မျက်လုံးများတွင် မျက်ရည်များ လျှံနေ၏။ သည်ကြား ထဲက ညှိုးနွမ်းစွာ ပြုံးလျက် ရှေးဦးစွာ ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မောင်သိန်းလွင်လို့ ခေါ်တယ်… ဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

"ဆရာမ… ဒီက မောင်သိန်းလွင်ရဲ့ ဆရာမ၊ ဟုတ်တယ်နော်"

"ခင်ဗျာ…"

"ဒီကကို ဆရာမလို့ မှတ်မိတယ်ပေါ့"

"ဟုတ်ကဲ့… ကျွန်တော် မှတ်မိပါတယ်"

မျက်တောင်ကော့များ ခတ်လာသည်။ ညှိုးနွမ်းသော အပြုံးက အနည်းငယ် ပိုတောက်ပလာ၏။

"မောင်သိန်းလွင်ကို မမှတ်မိတာ ခွင့်လွှတ်ပါနော်၊ ဒီကလည်း သိပ် မှတ်မိချင်တယ်၊ ဒါပေမဲ့… ဒါပေမဲ့…"

စကားက ရပ်သွားပြီး မျက်လုံးပြာများကသာ မောင်သိန်းလွင်ကို စိုက်ကြည့်နေ၏။

"ဩော်…အင်း…ဆရာမမမှတ်မိတာမဆန်းပါဘူးလေ၊တပည့်ဆိုတာက များတယ်မဟုတ်လား၊ကျွန်တော်တို့ကသာ ဆရာ၊ဆရာမတွေကို မှတ်မိနိုင်တာ၊ ကွဲသွားကြတာကလည်း နေဦး… ကျွန်တော် ဒုတိယနှစ် ကျောင်းသားတုန်းက ၁၉၇၄ ခုနှစ် ဆိုတော့… အဲ ခြောက်နှစ်လောက် ရှိပြီ"

မိန်းမချော၏ မျက်လုံးများက ပြတင်းမှ ကျော်၍ အပြင်ကို ကြည့်သည်။ သူ့ကိုယ်သူ ပြောဟန် ညည်းညည်းလေး ပြော၏။

"၁၉၇၄ ခုနှစ်က… ခြောက်နှစ်လောက် ရှိပြီ"

ရထားက အရှိန်လျှော့ပြီး သထုံဘူတာသို့ ဝင်လာ၏။

မကိုင်းတကိုင်း ထားသော ခါးကို ဆန့်ပြီး မောင်သိန်းလွင်က ပြော၏။

"ဟော… သထုံ ရောက်ပြီ၊ ကျွန်တော် ဆင်းရတော့မယ်၊ ဒီလိုင်းမှာ ကျွန်တော် တာဝန်ကျပါတယ်၊ ကြုံတဲ့အခါ လိုတဲ့ အကူအညီ တောင်းပါ"

ရထားက ဘူတာတွင် ရပ်နား၏။

မောင်သိန်းလွင်က အားလုံးကို နှုတ်ဆက်သောအခါ ယခုအချိန်အထိ ငြိမ်နေသော လူကြီးက ပြော၏။

"ဩော်… ဒီမှာ ဆင်းရမှာကိုး၊ အခုလို နှုတ်ဆက်တာကို ဦးတို့ အားလုံး က ကျေးဇူးတင်ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဒါ ကျွန်တော့်ဝတ္တရားပါ၊ သွားပါဦးမယ်၊ ဆရာမ... ကျွန်တော် သွားမယ်နော်"

မောင်သိန်းလွင်က ရထားပေါ်မှ ဆင်းသွား၏။

ပလက်ဖောင်းပေါ်တွင် လျှောက်သွားသော မောင်သိန်းလွင်၏ နောက်ကျောကို မိန်းမချောက ပြတင်းမှနေ၍ လှမ်းကြည့်နေသည်။

"သနားပါတယ်၊ သူ့ကိုသမီး မမှတ်မိဘူး၊ သမီးကိုသူ စိတ်ဆိုးသွားမလား"

လူကြီးက ရယ်၏။

"ဘာကြောင့် စိတ်ဆိုးရမှာလဲ သမီးရယ်၊ သူ ပြောသွားသားပဲ၊ ကွဲသွားကြတာ ကြာပြီတဲ့"

မိန်းမချောက လူကြီးကို စိုက်ကြည့်၏။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ ခါ၏။

"ဒါတွေကို စဉ်းစားမနေနဲ့ သမီး၊ ဖေဖေ ခဏခဏ ပြောတယ်၊ ဖေဖေနဲ့ မေမေ ရှိတယ်၊ သမီးမှာ ဘာမှ ပူစရာမရှိဘူး၊ မမှတ်မိတာတွေဟာလည်း နောက်တော့ မှတ်မိလာမှာပေါ့၊ အရေးကြီးတာက သမီး စိတ်ချမ်းချမ်းသာသာ နေဖို့ပဲ၊ ပြီးတော့ မော်လမြိုင် ရောက်ရင် သမီး ပျော်သွားမှာပဲ၊ မော်လမြိုင်ဟာ ဖေဖေတို့နေတဲ့ မြို့ပဲ၊ သမီးလည်း ငယ်ငယ်ကတည်းက ပျော်ပျော်ကြီး နေခဲ့တဲ့ မြို့"

ရထားက ဘူတာမှ ပြန်ထွက်သည်။

မိန်းမချောက ပလက်ဖောင်းပေါ်တွင် ကျန်ရစ်သော လူများကို ကြည့်သည်။ သည်လူတွေကြားမှာ မောင်သိန်းလွင် ဆိုသော သူငယ်ကို မတွေ့တော့။

မောင်သိန်းလွင်... လူငယ်တစ်ယောက်...။ ပြီးတော့ နာမည်တစ်ခု။ သည်နာမည်က ဘာထူးခြားသနည်း။ နာမည်တစ်ခုသာ... မိမိအတွက် သည်ထက် ဘာမျှ မထူးခြား။

ပလက်ဖောင်းပေါ်တွင် ကျန်ရစ်သော အခြားလူတွေတွင်လည်း နာမည်တွေ ရှိမည်။ အင်းလေ... လူတွေဆိုတော့ နာမည်တွေ ရှိမည်ပေါ့၊ နာမည် ဆိုသည်က ဘာနည်း။ နာမည်က ဘာတွေ သိနိုင်သနည်း။

သထုံမြို့သည်လည်း နောက်၌ ဝေးဝေးကျန်ရစ်သည်။

ယခု ဝေးဝေး ကျန်ရစ်သော မြို့က သထုံမြို့။ နံနက်က ဟိုအဝေးမှာ ထားခဲ့ရသော မြို့က ရန်ကုန်၊ ရန်ကုန်ပဲ... သထုံပဲဟု မိမိက မသိ၊ သူတို့ ပြောမှ သိရ

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ သူတို့က ရန်ကုန် ဆိုတော့ ရန်ကုန်ဟု မှတ်လိုက်ရသည်။ သထုံ ဆိုပြန်တော့လည်း သထုံဟု မှတ်ရပြန်သည်။

သည်လိုပဲ မှတ်ထားရသည်။ သူက ဖေဖေ၊ သူက မေမေ၊ ဟိုသူငယ်မလေးက အေးကြည်၊ မိမိက သမီး၊ နာမည်က လဲ့လဲ့။

ဟိုသူငယ်နှင့် ပြောတုန်းက မိမိနာမည် အပြည့်အစုံမှာ ဒေါက်တာလဲ့လဲ့ဟု မေမေက ပြောခဲ့သည်။ ပြီးတော့ ဆရာမ၊ နောက်ပြီးတော့ စာရေးဆရာမ လဲ့နှင်းရည်။ အို... မှတ်ထားရတာတွေ၊ မှတ်ထားရတာတွေ။ သည့်ပြင်တော့ အဓိပ္ပာယ် မရှိ။ ဘာမျှ မရှိ။

လက်လေးတစ်ဖက်က မိမိ၏ ပေါင်ပေါ်ထိ ရောက်လာသည်။

"အင်..."

"မမလဲ့... ရေခဲရေ သောက်မလား"

မမလဲ့... အင်း... မိမိနာမည်က လဲ့လဲ့။

လဲ့လဲ့က သိမ်မွေ့စွာပြုံး၍ အေးကြည်ကို ကြည့်သည်။

"ဘာဖြစ်လို့ မေးတာလဲ"

"ပူလာတယ်လေ၊ မမ ရေငတ်မလားလို့"

ရထားတွင်းသို့ ဝင်နေသော လေများမှာ ပူနေကြောင်း လဲ့လဲ့ သတိပြုမိသည်။ မိမိ ရင်မှာလည်း ပူနေ၏။

"အင်း အင်း... သောက်မယ်၊ သောက်ပါ့မယ်"

ရေခဲဓာတ်ဘူးကြီးကို ဖွင့်လျက် အေးကြည်က ရေခဲရေ လုပ်ပေးနေသည်။

လဲ့လဲ့က ဓာတ်ဘူးပေါ်မှ ကုန်အမှတ်တံဆိပ် နာမည်ကို စိတ်တွင်းမှ ဖတ်သည်။

ထိုင်းပေါ်လီ... သားမဲချက်(စ်)... အန်ဘရိတ်ကေးဘဲ(လ်)...။

အင်္ဂလိပ်စကားလုံးများ။ ဩော်... သည်စကားလုံးများကိုတော့ မိမိ သိသား။ အဓိပ္ပာယ်ကိုလည်း နားအလည်သား။

အေးကြည် လှမ်းပေးသော ရေခဲရေ ဖန်ခွက်ကို ယူ၍ လဲ့လဲ့က တစ်စုပ်စုပ်သောက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


အေးမြသည်။ အင်း... ပင်လယ်ပြာကြီးကဲ့သို့ အေးမြသည်။ ကျယ်လိုက်ပါသည့် ပင်လယ်ပြာကြီး။ အဆီး မရှိ အတား မရှိ နယ်နိမိတ် မရှိ၊ ရွက်လှေကြီးလည်း ရှိသည်။ အို... ရွက်လှေကြီး မဟုတ်။ အဆောက်အအုံကြီး။

လွဲလွဲသည် ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"မကုန်နိုင်ဘူးလား မမလွဲ"

"အင်..."

"ဩော်... ရေခဲရေ တော်ပြီလားလို့"

လွဲလွဲက ရေခဲရေဖန်ခွက်ကို ငုံ့ကြည့်သည်။

ဖန်ခွက်အပြင်တွင် ရေပေါက်လေးတွေ ဥနေသည်။ ကိုင်ထားသောလက်က အေးအေးမြမြ ခံစားနေရသည်။

"မမလွဲ ဖြည်းဖြည်းပဲ သောက်မယ်"

"ဩော်... ဟုတ်ကဲ့"

ဖန်ခွက်က အေးမြသမျှ ကိုယ်ကို တိုးထိလာသော လေက ပူ တစ်လှည့်၊ အေးတစ်လှည့်။

မိမိက ရထားသွားရာဘက်ကို ကျောခိုင်းထားသည်။ လက်ယာဘက်မှာက တောင်တန်းများ ရှိသည်။ သထုံ ဆိုသည်က ထွက်လာစက တောင်တန်းများသည် နီးသည်။ မြင့်လည်း မြင့်သည်။ ယခုတော့ ဝေးသွားပြီ။ နိမ့်လည်း နိမ့်သွားပြီ။

လက်ဝဲဘက် ပြတင်းများမှတစ်ဆင့် လယ်ကွင်းများကို တွေ့ရသည်။ အဆီး မရှိ။ အတား မရှိ ကျယ်သည်။ သွေ့လည်း သွေ့ခြောက်သည်။ လေက ယင်းဘက်မှ ဝင်လာသောကြောင့် ပူသည်။

လယ်ကွင်း ဆိုတော့ မြေကြီး၊ ပြန့်နေသော မြေကြီး။ အဲသည် မြေကြီးတွေမှာကော နာမည်မရှိဘူးလော။ မြေကြီးကို ဘယ်လို နာမည်ပေးကြမည်နည်း။

လွဲလွဲသည် ရေခဲရေကို ကုန်အောင် သောက်ပြီး ဖန်ခွက်ကို အေးကြည်အား ပြန်ပေးလိုက်၏။

ဖေဖေက စာအုပ်တစ်အုပ်ကို ဖတ်နေ၏။ မေမေက မျက်တောင်စင်းလျက် ငိုက်နေသည်။

လွဲလွဲသည် ရထားဘေးမှ မြေပြင်ကို ငုံ့ကြည့်သည်။

မြေပြင်က ပြေးနေသည်။ အဆက်မပြတ် ပြေးနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အခု မျက်စိအောက် မြေက ခဏလေးတွင် ဟိုး... ရောက်သွားသည်။ နောက် မျက်စိအောက် တစ်ခု။ နောက်တစ်ခါ ဟိုး ရောက်သွားသည်။

ကျန်ရစ်သည်။ မြေကြီးတွေ ကျန်ရစ်သည်။ အချိန်တွေလည်း ကျန်ရစ်သည်။

မိမိနောက်မှာ အချိန်တွေ အများကြီး ကျန်ရစ်သည်။ ဒါကိုတော့ မိမိသိသည်။ အချိန်တွေ ကျန်ရစ်သည်။ သထုံတုန်းက အချိန်။ ရန်ကုန်တုန်းက အချိန်။ အဲသည် နောက်တုန်းက အချိန်။ အဲသည်အချိန်တွေက ဘယ်လိုလဲ။ ဘယ်မှာလဲ။

ဖေဖေက မစဉ်းစားနှင့်ဟု ပြောသည်။ မိမိကတော့ စဉ်းစားရသည်။ အချိန်တွေဆိုတော့ ဟောသည် မြေကြီးလို နေရာတွေလည်း ရှိမည်။ ပြီးတော့ မိမိလည်း ရှိမည်။ ရှိရမည်ပေါ့။ အဲသည် မိမိက ဘယ်မှာလဲ။ အချိန်တွေနှင့် နေရာတွေကကော ဘယ်မှာလဲ။

လှဲ့လှဲ့သည် ဝမ်းနည်းစွာနှင့် ခေါင်းခါ၏။ ဝဲလာသော မျက်ရည်များကို မျက်တောင်ခတ်၍ ကြိုးစားထိန်းသည်။

ရထားဘေးအနီး မြေကြီးတွေက နောက်သို့ အမြန်ပြေးနေကြသည်။ ဟိုးအဝေးက သစ်ပင်နှင့် တောအုပ်တွေက ဖြည်းဖြည်းလည်ပြီး ရထားနောက် အပြိုင်လိုက်ကြသည်။

တောင်တန်းကြီးတွေ ပြန်ပေါ်လာသည်။ နီးလည်း နီးပြီး၊ မြင့်လည်း မြင့်လာပြန်၏။ ဘယ်တုန်းက ဘယ်က ပေါ်လာကြသနည်း။

မေမေ့အသံ ပေါ်လာ၏။

"ကြည့်စမ်း... ဝိုက်သွားလိုက်တာ၊ ဇင်းကျိုက်တောင် ရောက်ပြီ"

"ဇင်းကျိုက်"

မေမေက အပြင်ဘက်သို့ လက်ညှိုးထိုးပြ၏။

"တောင်ကြီး... သိပ်မြင့်တာပဲ"

"အဲဒီတောင်ကြီးကို ဇင်းကျိုက်တောင်လို့ ခေါ်တယ်၊ ဟိုးထိပ်မှာ ဘုရား၊ ဇင်းကျိုက်ဘုရား... သမီး မမှတ်မိဘူးလား"

"ရှင်..."

"သမီး ငယ်ငယ်တုန်းက ဘုရား တက်ဖူးကြတယ်၊ မေမေက သမီး မတက်နိုင်ဘူးလို့ ထင်တာ၊ ဒါပေမဲ့ ဘုရားဆီ သမီးက မေမေတို့ထက် အရင်ရောက်သွားတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါဖြင့် ဒါ... မော်လမြိုင် ရောက်ပြီနော်"

"ကြံကြံဖန်ဖန် သမီးရယ်၊ ဇင်းကျိုက်က ဇင်းကျိုက်၊ မော်လမြိုင်က မော်လမြိုင်၊ မေမေတို့ မော်လမြိုင်ကနေ ဘုရားဖူး လာကြတာ၊ ဇင်းကျိုက်၊ ကျိုက်ထီးရိုး၊ မြသပိတ်တောင်၊ သမီး မမှတ်မိဘူးလား"

လဲ့လဲ့ကလည်း မေမေ့ကို စိုက်ကြည့်သည်။

မေမေ့မျက်နှာက ညှိုးနေသည်။ မျက်လုံးများတွင်လည်း မျက်ရည်များ ဝဲနေ၏။ လဲ့လဲ့က အားယူ၍ ပြုံးပြသည်။

"သမီး မှတ်တော့ မမှတ်မိဘူး၊ ဒါပေမဲ့ မှတ်မိအောင် သမီး ကြိုးစားနေတယ် မေမေ"

ရထားက ဘူတာတွင် မရပ်။ ဆက်ခုတ်သည်။ ဘူတာတွင် ဇင်းကျိုက်ဟု ရေးထားသော စာတန်းကို လဲ့လဲ့ ဖတ်လိုက်ရသည်။

တောင်ထွတ် မြင့်မြင့်ကြီးက စိမ်းစိမ်းမှိုင်းမှိုင်းနှင့် မြင်ကွင်းမှ တော်တော်နှင့် မပျောက်။

လဲ့လဲ့သည် ထိုင်ခုံကို ကျောမှီပြီး မျက်လုံးများကို ပိတ်လိုက်၏။

ခံ့ညားသောတောင်ထွတ်မြင့်မြင့်ကြီးကမျက်လုံးတွင်းမှပျောက်မသွား။

ဇင်းကျိုက်...

ဩော်... တောင်မြင့်ကြီး၏ နာမည်က ဇင်းကျိုက်။

သို့ရာတွင် တောင်မြင့်ကြီးကို မေးမည်။ ဇင်းကျိုက် ဆိုတာ ဘာလဲ။ တောင်မြင့်ကြီး ဖြေနိုင်မည် မဟုတ်။

မိမိလိုပင် ဖြေနိုင်မည် မဟုတ်။

မိမိ နာမည်က လဲ့လဲ့။ လဲ့လဲ့ကို မေးမည်။ လဲ့လဲ့ ဆိုသည် မည်သူနည်း။

မဖြေနိုင်ပါ။ တောင်မြင့်ကြီးလိုပင် မိမိ မဖြေနိုင်ပါ။

ရထားအရှိန်က မြန်လာသဖြင့် လဲ့လဲ့၏ ကိုယ်လေးမှာ သိမ့်သိမ့်လှုပ်နေသည်။

ရထားကြီးကို လဲ့လဲ့ ကျေးဇူးတင်သည်။

လှုပ်ပါစေ။ သိမ့်သိမ့်လှုပ်ပါစေ။

ဒါမှ မသိမည်။ တိတ်တိတ် ကျိတ်လျက် ရှိုက်ငိုမိသော မိမိအဖြစ်ကို ဒါမှ လူတွေ မသိမည်။

♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

အဝတ်အစားက လဲပြီးသွားပြီ။ ဖြီးလိမ်းပြင်ဆင်၍လည်း ပြီးပြီ။ မှန်နှံ့သာနောက်ဆုံး တစ်ချက် တို့ပြီး လှဲ့လှဲ့သည် မှန်တွင်း၌ ပေါ်နေသော မိမိ၏သဏ္ဌာန်ကို ငေးစိုက် ကြည့်သည်။

အဲသည်သဏ္ဌာန်က လှဲ့လှဲ့။ လှဲ့လှဲ့ ဆိုသည်မှာ အဲသည်သဏ္ဌာန်။ မှတ်ထားရမည်။ မမေ့အောင် မှတ်ထားရမည်။ လှဲ့လှဲ့ ဆိုလျှင် အဲသည်သဏ္ဌာန်။

လှဲ့လှဲ့က မျက်လုံးများကို ပိတ်လိုက်ပြီး မှန်တွင်း၌ တွေ့ခဲ့ရသော သဏ္ဌာန် ကို ပြန်မြင်ကြည့်သည်။

အစသော် ချက်ချင်းဘာမျှမမြင်။ နောက်မှ တဖြည်းဖြည်း ထင်လာသည်။ မှန်တွင်းက သဏ္ဌာန်။ ပီသလှသည် မဟုတ်။ ရေးရေးဝါးဝါး။ သို့ရာတွင် မှန်တွင်းက သဏ္ဌာန်မျိုး။ အစက ဤသဏ္ဌာန်မျိုး ရေးရေးဝါးဝါးကိုပင် မြင်ကြည့်၍မရ။ ယခု တော့ ရေးရေးဝါးဝါး မြင်ပြီ။ သြော်... လှဲ့လှဲ့ ဆိုလျှင် သည်ပုံမျိုး။ လှဲ့လှဲ့က မျက်လုံး ပြန်ဖွင့်လိုက်သည်။

mgyoe.com

မှန်တွင်းမှ သဏ္ဍာန်ကို တစ်ချက် ကြည့်ပြီး မှန်တင်ခုံပေါ်မှ ပစ္စည်းများ ကို ကြည့်သည်။

ဆွတ်ဆွတ်ဖြူသော ကိုယ်ထည်။ ဝင်းဝင်းမှည့်သော ရွှေရောင်အဖုံးနှင့် အယ်လစ်ဇဘက်အားဒင်း အသားလှဆီဘူး၊ စိမ်းပြာနုရောင် မက်(စ်) ဖက်တာ ခရင်းပတ်ဖ်ဘူးဝိုင်းနှင့် မျက်တောင်သ ကိရိယာ လေးထောင့်ဘူးပြား၊ ရွှေရောင် မက်(စ်)ဖက်တာ နှုတ်ခမ်းဆိုးဆေးတောင့်ကြုတ်၊ အီးဗင်းနင်းအင် ပဲရစ်(စ်) ခေါင်းလိမ်းဆီ ခရင်းဘူးပြာ၊ ရေမွှေးပုလင်းက သုံးလုံး၊ နှင်းဆီနက် တံဆိပ်နှင့် ဂိုယာ ကိုယ်လိမ်းပေါင်ဒါဘူးကြီး၊ ဖော်မြူလာ ဆစ်စတင်း ရှမ်ပူး ပုလင်း၊ အလှပြင် ပစ္စည်းတွေက စုံသည်။ မှန်တင်ခုံပေါ်တွင် စနစ်တကျ သပ်သပ်ရပ်ရပ် စီစီစဉ်စဉ် လည်း ရှိနေသည်။

သည်ပစ္စည်းတွေကို ဘယ်တုန်းက ဘယ်သူ လာထားသနည်း။ မေမေ လော… အေးကြည်လော။

လွဲ့လွဲ့သည် ရေမွှေး မဆွတ်ရသေးသည်ကို သတိရသည်။

ရက်ဗလွန် ရေမွှေးပုလင်းကြီးကို ယူကာ ငွေရောင်အဖုံးကို ဖွင့်လျက် ခလုတ်ကို နှိပ်မည်ပြုပြီးမှ နမ်းကြည့်သည်။ ရနံ့က အနည်းငယ် ပြင်းလွန်းသည် ထင်၏။ ရာသီက ပူအိုက်အိုက်လေးနိုင်သည်။

လွဲ့လွဲ့က ရှယ်နယ်(လ်)ဖိုက် ရေမွှေးပုလင်းပြားလေးကို ယူ၍ ဖန်တုံး အဖုံးလေးကို ဖွင့်ကာ နမ်းကြည့်ပြန်သည်။

ရနံ့က မွှေးသော်လည်း စိတ်တွင်းမှ အေးမသွား။

ပုလင်းပြားလေးကို ချပြီး အော်ဒီကိုလုန်း ရေမွှေးပုလင်းကြီးကို ယူ၍ အဖုံးဖွင့် နမ်းကြည့်ပြန်သည်။

ပုလင်းကပုံပန်းမကျ။ သို့သော်ရနံ့ကသင်းသည်၊ ရင်တွင်းမှာအေးအောင် သင်းသည်။

လွဲ့လွဲ့သည် လက်ဖျား၌ ရေမွှေး ဆွတ်ကာ နားသယ်ဆံစနှင့် လည်ပင်း များကို တို့ဆွတ်သည်။ လက်ကိုင်ပဝါလေးကိုလည်း တို့ဆွတ်လိုက်၏။

လက်ကိုင်ပဝါလေးကို နှာခေါင်းနား ကပ်၍ ရနံ့သင်းသင်း အေးအေး ကို ရှိုက်ရှူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်တွင်းမှာ ကြည်လင်လန်းဆန်းသွားသည်ဟု ခံစားရ၏။

လဲ့လဲ့က အခန်းတစ်ခွင်ကို မျက်လုံး ဝေ့ကြည့်သည်။

စိမ်းပြုံ့နုနု ဆေးရောင်နှင့် အခန်းနံရံများက အမြင် အေးချမ်းသည်။ တောက်ပသော သစ်သား တစ်ယောက်အိပ် ခုတင်ထက်မှ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်နှင့် ခြင်ထောင်တို့က ဖြူဖွေးသန့်စင်နေသည်။

ပြတင်းကျယ်တစ်ခုအနီး၌ စာရေးစားပွဲ တစ်ခု ရှိသည်။ မှန်တင်ခုံနှင့် မျက်နှာချင်းဆိုင်လျက် နံရံတစ်ဖက်တွင် ကပ်ထားသော ကိုယ်လုံးပေါ် မတ်တတ် ဗီရိုတစ်လုံး ရှိနေသေးသည်။

လဲ့လဲ့က မှန်တင်ခုံနှင့် ဗီရိုကြားတွင် သွားရပ်သည်။

သည်လိုဆိုတော့ မိမိပါနှင့် သဏ္ဌာန်သုံးခု။ လဲ့လဲ့ သုံးယောက်။ အားလုံး အင်္ကျီဖြူနှင့် ထဘီပြာနုနုလေးကို ဝတ်ထားကြသည်။

လဲ့လဲ့က စာရေးစားပွဲဆီ လျှောက်သွားသည်။ အဲသည်ပေါ်မှာကလည်း လဲ့လဲ့တစ်ယောက်။

သည်လဲ့လဲ့ကမူ ခြောက်လက်မခန့် ငွေရောင် ဘောင်တွင်းမှ ပြုံးပြုံးလေး ကြည့်နေသည်။

ကိုယ်တစ်ပိုင်းပေါ်ပုံ ဖြစ်သည်။ လေးထောင့်ဦးထုပ်ကို ဆောင်းထားပြီး ဝတ်ရုံနက်ကို ခြုံထားသည်။

နံရံပေါ်က ဓာတ်ပုံကြီးတစ်ခုတွင်းမှာလည်း လဲ့လဲ့တစ်ယောက် ရှိသေးသည်။ အဲသည် လဲ့လဲ့ကတော့ ဘီးဆံထုံးနှင့်၊ ပန်းရောင် အစင်းများ ပါသည့် ဝတ်ရုံနက်နှင့်။

သည်လဲ့လဲ့ကလည်း မိမိကို ပြုံးပြနေသည်။

သူတို့၏ အပြုံးလေးတွေက လှပသည်။ တောက်တောက်ရွှန်းရွှန်း ရှိသည်။

လဲ့လဲ့က မှန်တင်ခုံရှေ့ သွားရပ်ပြီး ပြုံးကြည့်၏။

ပြုံးရသည်က ပင်ပန်းသည်။ ပြီးတော့ မှန်တွင်းက မိမိ၏ အပြုံးက ဓာတ်ပုံများတွင်းက သူတို့အပြုံးလို မလှပ။ မတောက်ရွှန်း။

လှပတောက်ရွှန်းအောင် ဘယ်လို ပြုံးရမည်နည်း။

mgyoe.com

mgyoe.com

SAMPLE BOOK


လဲ့လဲ့သည် ခုတင်ထက်၌ ငြိမ်ငြိမ်လေး ထိုင်သည်။

မနေ့က သည်တိုက်ကြီးဆီ ရောက်လာသည်။ သည်အခန်းမှာ တစ်ည အိပ်ပြီးပြီ။ သည်တိုက်ကြီးက မိမိတို့၏ အိမ်ဟု ဆိုသည်။ သည်အခန်းက မိမိနေခဲ့သည့် အခန်းဟု ဆိုသည်။

အဲသည်တော့ အင်း... မှတ်ထားရသည်။ မှတ်ထားလိုက်ရသည်။

လဲ့လဲ့က မိမိကိုယ်ကို ငုံ့ကြည့်သည်။

မိမိက ရေမိုးချိုး ဝတ်စား ဖြီးလိမ်း ပြင်ဆင်ပြီးပြီ။ ပြီးတော့ ဘာလုပ်ရမည်နည်း။ ဝတ်စား ဖြီးလိမ်း ပြင်ဆင်ပြီးလျှင် ဓာတ်ပုံတွင်းက လဲ့လဲ့တို့ ဘာလုပ်သနည်း။ မိမိကတော့ မသိ။

လဲ့လဲ့သည် စိတ်ရှုပ်ထွေးလာပြီး ရှေ့တည့်တည့်ရှိ တံခါးဆီ လျှောက်လာ၏။ တံခါးမှ ထွက်လိုက်သောအခါ ဝရန်တာလေးပေါ် ရောက်သွားသည်။

မိမိက အိမ်ပေါ်ထပ်မှ၊ အောက်က ခြံဝင်းကြီးက ကျယ်သည်။ မြက်ခင်းလေးတွေကလည်း စိမ်းနေ၏။

အိမ်နှင့် အတန်လှမ်းသော ခြံစည်းရိုး၏ အပြင်ဘက်တွင် ကတ္တရာလမ်းမကြီး ရှိသည်။ လမ်းတစ်ဖက်မှာက ခြံကြီးတွေ၊ စိမ်းမှောင်သော သစ်ပင်အုပ်ကြီးတွေနှင့် ခြံကြီးတွေ။

နေက စောင်းကျနေပြီ။ လေက အေးအေးလေး တိုက်လာနေ၏။

သြော်... ဒါက မော်လမြိုင်။ မော်လမြိုင် ဆိုသည်ကလည်း နာမည်တစ်ခု။ သစ်ပင်တွေ၊ တောတွေ၊ တောင်တွေနှင့် မြေကြီး၏ နာမည်တစ်ခု။

အိမ်၏ လက်ဝဲဘက် မြေပြင်ဆီသို့ လဲ့လဲ့၏ မျက်လုံးများ ရောက်သွားသည်။

အင်္ဂတေလမ်းဘေး မြက်ခင်းစပ် သစ်ပင်ရိပ်၌ သစ်လွင်လှပသော ဖက်ဖူးရောင် ကားလေးတစ်စီး ရပ်ထားသည်။ လူတစ်ယောက်က ကားကိုယ်ထည်ပေါ် ကြက်မွေးနှင့် ယုယုယယ လှည်းနေသည်။

ကားလေးကို အတန်ကြာ စိုက်ကြည့်နေပြီးမှ လဲ့လဲ့သည် အခန်းတွင်း ပြန်ဝင်ကာ ခြံတွင်းဆီ ဆင်းခဲ့သည်။

mgyoe.com

mgyoe.com

ကားကိုကြက်မွေးနှင့်လှည်းနေသောလူကြီးကပြုံး၍နှုတ်ဆက်သည်။

"လဲ့လဲ့… ရေချိုးပြီးသွားပြီလား"

"ဟုတ်… ဟုတ်ကဲ့"

လဲ့လဲ့က လူကြီး၏ မျက်နှာကို ကြည့်ရင်း ဖြေသည်။

သူ့မျက်နှာက သဘောကောင်းပုံ ရသည်။ မနေ့ကတည်းက လာကြို သော သူနှင့် ကားကို သင်္ဘောဆိပ်မှာ တွေ့ခဲ့သည်။ အဲသည်ကတည်းက သူက မိမိကို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ဆက်ဆံသည်။

သူ့နာမည်က ဘယ်သူ။ ဖေဖေ ခေါ်သံတော့ အကြားလိုက်သား။ ယခု တော့ သတိမရပြီ။

"ကဲ လဲ့လဲ့၊ ဘယ်သွားမလဲ"

"ရှင်…"

"လဲ့လဲ့ သွားချင်ရင် သွားဖို့ ဦးလေး ကားထုတ်ထားတာ"

"လဲ့လဲ့ သွားဖို့၊ လဲ့လဲ့က ဘယ်သွားရမလဲ"

လူကြီးက ရယ်၏။

"ခါတိုင်း ပြန်လာလို့ ဟောဒီလို နွေညနေစောင်း ဆိုရင် ရေချိုးပြီး လဲ့လဲ့ ဟိုဟိုဒီဒီ သွားတတ်တာပဲ"

"ဟိုဟိုဒီဒီ… အဲဒါက ဘယ်ကိုလဲ"

"ဩော်…ဟိုသင်းသာယာအေးချမ်းတဲ့နေရာလေးတွေကိုပေါ့၊လဲ့လဲ့က သာယာအေးချမ်းတဲ့နေရာလေးတွေကိုကြိုက်တယ်၊အဲဒီမှာတစ်ယောက်တည်း ထိုင်တယ်၊ တစ်ခါတလေ အကြာကြီး ထိုင်တယ်၊ ပြီးတော့ ကဗျာလေးတွေ ရတယ်တဲ့၊ ဝတ္ထုလေးတွေ ရတယ်တဲ့၊ လဲ့လဲ့ပဲ ဦးလေးကို ပြောတာလေ"

"လဲ့လဲ့ ကဗျာစပ်တတ်တယ်"

"အင်း…"

"ပြီးတော့ ဝတ္ထုလည်း ရေးတတ်တယ်"

"အင်း…"

လဲ့လဲ့က သက်ပြင်းရှိုက်သည်။ အတန်လေးကြာမှ မေးသည်။

"အဲဒီသာယာအေးချမ်းတဲ့ နေရာလေးတွေက ဘယ်မှာလဲ"

mgyoe.com

"လွဲလွဲ မမှတ်မိဘူး၊ ဒါကို ဦးလေး နားလည်ပါတယ်၊ ကဲ... သွားချင်ရင် ကားပေါ်တက်၊ ဦးလေး လိုက်ပြပေးမယ်"

လွဲလွဲက တိုက်ကြီးဆီ လှမ်းကြည့်၏။

မေမေက တိုက်တွင်းမှ ထွက်လာသည်။ မေမေလည်း ရေချိုးပြီးစ မှုန်နံ့သာနှင့်။ မေမေက ချောသည်။ ယခု မျက်နှာက ပြုံးရွှင်နေသည်။

"ဟော... သမီး ဘယ်သွားမလို့လဲ"

လွဲလွဲက မဖြေ။ ဖြေစရာလည်း မရှိ။

"လွဲလွဲကို သွားနေကျ နေရာလေးတွေ လိုက်ပြမယ်လို့ ကျွန်တော်က ပြောနေတယ်၊ သူ ဟိုသင်း မှတ်မိသွားအောင်လေ"

"အား... ကောင်းတယ် ကောင်းတယ်၊ သွားလေ... သမီး၊ သမီး ဒီလိုပဲ မောင်ဟန်မြင့်နဲ့ သွားနေကျ"

"မေမေကော မလိုက်ဘူးလား"

"ဟင့်အင်း...သမီးသွားနေကျနေရာတွေကိုသမီးသွားနေကျအတိုင်းပဲ သွားပါ၊ သမီး ဖေဖေက မေမေ့ကို အဲဒီလိုပဲ မှာထားတယ်"

လွဲလွဲက မေမေ့ကို တစ်ချက် စိုက်ကြည့်သည်။ ထို့နောက် ဘာမျှ မပြောတော့ဘဲ ကားနောက်ခန်း၌ ဝင်ထိုင်၏။

ဦးဟန်မြင့်က ကားလေးကို ခြံတွင်းမှ မောင်းထွက်ခဲ့ပြီး လမ်းမကြီး အတိုင်း လက်ယာဘက်သို့ ဆက်လာခဲ့၏။

"အဲဒီအတိုင်း သွားရင် ဘယ်ရောက်မလဲ"

"လေယာဉ်ပျံကွင်းကို ရောက်သွားမယ်၊ အဲဒီက ညာဘက် ချိုးပြီး ဆက်သွားရင် ဟိုး... တောင်ပိုင်း တောင်ခြေအထိ ရောက်သွားမယ်"

"တောင်ပိုင်း"

"ဟုတ်တယ်၊ ဩော်... ဟိုမှာလေ"

ဦးဟန်မြင့်က လက်တစ်ဖက်ဖြင့် ရှေ့တည့်တည့်သို့ ညွှန်ပြ၏။

လွဲလွဲက တောင်တန်းကြီး တစ်ခုကို မြင်ရသည်။

ဩော်...သည်တောင်တန်းကြီးကိုတော့ အိမ်အပေါ်ထပ်မှလည်း မြင်ရ သား။ နာမည်သာ မသိသည်။ ယခုတော့ သူ့မှာလည်း နာမည်နှင့်၊ တောင်ပိုင်း။

mgyoe.com

"အဲဒီ တောင်ဝိုင်းကို အခု သွားမလို့လား"

"မဟုတ်ဘူး"

ဦးဟန်မြင့်က ကားလေးကို လက်ယာဘက်သို့ ချိုးကွေ့လိုက်၏။

ဂိတ်ဝကြီးတစ်ခု။ ဂိတ်ဝအနီး ဆိုင်းဘုတ်ကြီးတစ်ခုအပေါ်၌ မော်လမြိုင်ကောလိပ်ဟု ရေးထားသည်။

"ဒါ ကောလိပ်"

"ဟုတ်တယ်၊ လွဲလွဲ့ တက်ခဲ့တဲ့ ကောလိပ်"

လွဲလွဲ့ငြိမ်သွား၏။ လွဲလွဲ့တက်ခဲ့တဲ့ကောလိပ်ဟူသော စကားက နားတွင်း၌ မြည်နေ၏။

လမ်းမကြီးက ညီညာဖြောင့်တန်းပြီး ကျယ်ဝန်းသည်။ တစ်ဖက်တစ်ချက်၌ အိမ်နှင့် ခြံဝင်းများ ရှိသည်။ ခြံဝင်းများတွင်းရှိ ပန်းချုံများ၌ နီနီ၊ ဖြူဖြူ ပန်းတွေ အဆုပ်လိုက် ပွင့်နေသည်။ ပန်းခိုင်ဝါ အတွဲတွဲနှင့် သစ်ပင်များလည်း ရှိကြ၏။ ပြုပြင်ထားသော ပန်းခင်းများကိုလည်း တွေ့ရသည်။

လွဲလွဲ့က ဆိုသည်။

"ပန်းခြံကြီး"

"ဟုတ်တယ်၊ မြို့ကောလိပ်က ခုအချိန်ဆို ပန်းခြံကြီး"

အုတ်ခုံဖြူနှစ်ခုရှိသော ခြံဝတစ်ခုအလွန်၌ဦးဟန်မြင့်ကကားကိုရပ်၏။

"ဘာပြုလို့လဲဟင် ဦးလေး"

"လွဲလွဲ့ဆင်းလျှောက်လေ၊ လွဲလွဲ့က ဒီနေရာမှာအမြဲဆင်းလျှောက်တယ်၊ ဟိုမှာလေ... လွဲလွဲ့ သိပ်ချစ်တယ် ဆိုတဲ့ ပန်းတွေ"

လွဲလွဲ့က ရှေ့တည့်တည့်သို့ ကြည့်သည်။

လှသည်။ လမ်းတစ်ဖက်တစ်ချက်တွင် ထိန်ထိန် နီနီနှင့် လှသည်။

ဦးဟန်မြင့်က ဆင်းလာပြီး နောက်ခန်းတံခါး ဖွင့်ပေးသောအခါ လွဲလွဲ့သည် အိပ်မက်တွင်းမှ လူကဲ့သို့ ဆင်းလိုက်သည်။

"လွဲလွဲ့လျှောက်လာ၊ ဦးလေးဟိုးကောလိပ်ကြီးရှေ့မှာစောင့်နေမယ်"

ကားလေးက ဖြည်းဖြည်းလိမ့်ပြီး ဆက်ထွက်သွားသည်။

mgyoe.com

လွဲ့လွဲ့က လမ်း၏ လက်ဝဲဘက် ပလက်ဖောင်းပေါ် တက်ရပ်လိုက်သည်။ အသက်ရှူလေး အောင့်ထားပြီး လွဲ့လွဲ့က ရှုခင်းကို ငေးကြည့်သည်။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် သူတို့ တန်းစီနေကြသည်။ အပင်လေးတွေက ဝိုင်းဝိုင်းပြေပြေနှင့် အနိမ့်အမြင့် ညီညာသည်။ အားလုံးက ရဲရဲနီသော အပွင့်တွေကို ပင်လုံးကျွတ် ဝေအောင်၊ လျှမ်းအောင်၊ ထိန်အောင် ဆင်ထားကြသည်။ ပြိုင်နေသော ပင်တန်းနီနီ နှစ်တန်း၏ အပြင်တွင် စိမ်းမြသော အခြားသစ်ပင်များ ရှိကြသည်။ သည်အစိမ်းတွေ အလယ်တွင် ပင်တန်းနီနီ နှစ်သွယ်က သီးသန့်ဖြစ်သော တောတန်းနီနီလေး ဖြစ်နေသည်။

တောတန်းနီနီလေးအောက်တွင် လွဲ့လွဲ့က ဖြည်းညင်းစွာ စတင်လျှောက်သည်။ ဘေးတစ်ဖက်တစ်ချက်ကလည်း ထိန်ထိန်နီသည်။ ခေါင်းထက်ကလည်း ထိန်ထိန်နီသည်။ လွဲ့လွဲ့၏ မျက်လုံးတွင်းမှာရော ရင်တွင်းမှာပါ ထိန်ထိန်နီနေသည်။

လမ်းခုလတ်တွင် လွဲ့လွဲ့က ရပ်လိုက်၏။

လွဲ့လွဲ့ လျှောက်နေသော ပလက်ဖောင်းဖြူဖြူပေါ်တွင်လည်း ပန်းနီနီလေးတွေ ရှိနေသည်။

အချို့က နွမ်းခြောက်နေသည်။ အချို့က ပြားကြေနေ၏။ တချို့တလေက ကြွေခါစမို့ ထင်သည်။ လန်းလန်းလတ်လတ် နီနီရဲရဲ။

လွဲ့လွဲ့က ခေါင်းပေါ်သို့ မော့ကြည့်သည်။ ပန်းနီနီတွေက ကြော့ကြော့မော့မော့။ လေအတိုးမှာ နွဲ့ကြ၊ ယိမ်းကြသေးသည်။ ကနေသယောင်၊ မြူးနေသယောင်၊ ပျော်နေသယောင်။

သည်ကြားထဲက ပွင့်ဖတ်ပွင့်လွှာလေးတွေက တစ်ချီတစ်ချီတွင် ကြွေကျလာနေသေးသည်။

လွဲ့လွဲ့က ပလက်ဖောင်းပေါ်မှ ပန်းတစ်ခက်ကို ကောက်ယူလိုက်သည်။ ပွင့်ဖတ်လေးတွေက နီသည်။ ပွင့်ဖတ်ထိပ် အနားသားလေးတွေမှာ ရွှေဝါသွေး ရိပ်ရိပ်လေး ပြေးနေသည်။ သြော်...ဒါကြောင့် သူတို့သည် ထိန်ထိန်နီရဟန် တူသည်။

လွဲ့လွဲ့က ပန်းခက်လေးကို ဝမ်းနည်းစွာနှင့် ကြည့်သည်။

လှလိုက်သည့် ပန်းကလေး။ မြေဦးအကြွေမှာ နင်းသူက နင်းရက်သည်။

mgyoe.com

မိမိကတော့ မနင်း၊ မခြေ။ အို... မကြွေပါစေနှင့်။

လွဲလွဲသည် ပန်းခက်လေးကို ကိုင်ပြီး ဆက်လျှောက်လာသည်။

ပင်တန်းနီနီလေး ဆုံးသွား၏။

ဖြူဖွေးခန့်ထည်သော သုံးထပ်တိုက် အဆောက်အအုံကြီးက မားမား ရပ်နေသည်။ လွဲလွဲက အဆောက်အအုံကြီးကို မော့၍ ငေးကြည့်သည်။

ကောလိပ်... ။

ဩော်... မိမိ တက်ခဲ့သည် ဆိုသော ကောလိပ်။

လွဲလွဲက မတုန်မလှုပ် ရပ်နေခိုက် ဦးဟန်မြင့်က ချဉ်းကပ်လာသည်။

"ဟောဟိုမှာ... မြင်လား၊ တောင်ဝိုင်း"

ဦးဟန်မြင့် ညွှန်ပြသောလက်ဝဲဘက်ဆီသို့ လွဲလွဲက လှမ်းကြည့်သည်။

ညီညာကျယ်ဝန်းသော လမ်းမကြီးက သည်ဘက်ဆီ ခွဲထွက်လာသည်။ ပြေပြေလေး လျှောနိမ့်သွားပြီး တံတားဖြူလေးတစ်ခု အရောက်၌ ပြန်မော့တက်ကာ လက်ဝဲဘက်သို့ ဝိုက်ကွေ့သွားသည်။

လမ်းမကြီးအတိုင်း လိုက်မငေ့ဘဲ မျက်လုံးများကို ရှေ့တည့်တည့်သို့ ဆန့်မျှော်ကြည့်လျှင် စိမ်းညိုသော တောင်တန်းကြီးကို တွေ့ရ၏။

လွဲလွဲက တံတားဖြူလေးကို ပြန်ကြည့်သည်။ တံတားဖြူလေးအနီး လမ်းမဘေးမှ တောအုပ်လေးက လှပသည်။ သစ်ပင်များက သစ်ပင် ပီသ အချိုးကျ သည်။

လွဲလွဲက ဦးဟန်မြင့်ကို မော့ကြည့်၏။

ဦးဟန်မြင့်က အေးချမ်းစွာ ပြောသည်။

"လွဲလွဲ အကြာကြီး ထိုင်တတ်တယ် ဆိုတာ အဲဒီတံတားဖြူလေးနား မှာ ပေါ့"

"အဲဒီမှာ ဘာရှိလဲ"

"အဲဒါတော့ ဘယ်ပြောတတ်မလဲ၊ လွဲလွဲ ထိုင်တတ်တာကို ပြောတာ၊ လွဲလွဲ သွားကြည့်လေ၊ ဦးလေး ဒီက လှမ်းကြည့်နေမယ်"

တံတားဖြူလေး... လှပသော တောအုပ်။ မိမိ ထိုင်တတ်သည် ဆိုသော နေရာလေး။

mgyoe.com

mgyoe.com SAMPLE BOOK


လွဲ့လွဲ့က ဖြည်းညင်းစွာပင် တံတားဖြူလေးဆီ ရှေးရှုလျှောက်လာသည်။

အနီးရောက်မှတံတားဖြူလေးသည်ချောင်းတစ်ခုပေါ်မှာရှိနေကြောင်း လွဲ့လွဲ့ တွေ့ရသည်။

တံတား၏ လက်ဝဲဘက် အင်္ဂတေ ဘေးကာ လက်တန်းပေါ်မှ စိုးငုံ့၍ လွဲ့လွဲ့က ချောင်းတွင်းကို ကြည့်သည်။

ချောင်းတွင်း၌ ရေမရှိ။ ရေခန်းနေသော မြေပြင်တွင် အရွယ်အစား အမျိုးမျိုးသော ကျောက်ခဲ ကျောက်တုံးလေးများ ပေါ်နေကြသည်။

လွဲ့လွဲ့က ကိုယ်ကိုလှည့်ပြီး ဘေးကာလက်တန်းကို မှီရပ်၍ တောင်တန်းကြီးကို ကြည့်သည်။

သည်နေရာက ကြည့်တော့ တောင်တန်းတစ်ကြောလုံးကို မြင်ရသည်။ ဟိုနား တစ်ဆူ၊ သည်နား တစ်ဆူနှင့် တောင်တန်းပေါ်တွင် စေတီဖြူဖြူလေးတွေ လည်း ရှိနေသည်။

တောင်တန်းကြီးက ငြိမ်ငြိမ်ကြီး လဲလျောင်းနေသည်။ သည်လို ငြိမ်ငြိမ် ကြီး လဲလျောင်းနေသည်မှာ မည်မျှ ကြာပြီနည်း။

သည်ချောင်းမှာရေခန်းသည်မှာလည်း မည်မျှကြာပြီနည်း။ ရေမရှိတော့ သည့် ချောင်းကို ချောင်းဟု ခေါ်နိုင်ပါသေးသည်လော။

လွဲ့လွဲ့၏ ရင်မှာ ဆို့ဆို့နင့်နင့်လေး ဖြစ်သွားမိသည်။

ဘာကိုမျှ မမှတ်မိသော မိမိ၏ဘဝသည် ရေမရှိတော့သည့် သည်ချောင်း လေးနှင့် ဘာများ ကွာခြားပါသနည်း။

မျက်ရည်ဝဲလျက်က လွဲ့လွဲ့သည် လှပသော တောလေးကို ကြည့်သည်။

တောလေးက လှပပါသည်။ သို့ရာတွင် တောလေးက သတ်သတ်၊ မိမိက သတ်သတ်။ တောင်တန်းကြီးကလည်း သီးသန့်။ မိမိကလည်း သီးသန့်။ ချောင်းလေး က ချောင်းလေး... မိမိက မိမိ။

အို... မိမိက တစ်ယောက်တည်း။ သည်လောကကြီးမှာ တစ်ယောက် တည်း။ မိမိ၏ တစ်ယောက်ထီးတည်း အဖြစ်ကို မိမိသာလျှင် သိသည်။

လွဲ့လွဲ့သည် လက်တွင်းမှ ပန်းခိုင်လေးကို ကြည့်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ပန်းခိုင်လေးကလည်း ထိုးတည်း။ ဟိုတောတန်းနီနီ ပင်ထက်က မြူး၊ ကြွ၊ လှနေသော ပန်းတွေနှင့် အဆက်ပြတ်ခဲ့ရပြီ။

ကိုယ့်ဘဝ ကိုယ် သိပါစ... အို ပန်းခိုင်လေးရယ်။

လှဲ့လှဲ့က စတင်ငိုသည်။ တိတ်တိတ်လေး ကျိတ်၍ငိုသည်။ လူမသိအောင် ငိုသည်။

အင်္ဂတလေက်တန်းကို တစ်စုံတစ်ခုနှင့် အသာအယာ ခေါက်သံ ကြားသဖြင့် လှဲ့လှဲ့က အထိတ်တလန့်လေး မော့ကြည့်သည်။

သူက လက်တန်းတစ်ဖက်ထိပ်၌ ရပ်နေသည်။

လှဲ့လှဲ့ကို စိုက်ကြည့်နေပြီးမှ လက်တွင်းမှ ကျောက်ခဲလေးတစ်လုံးကို ချောင်းတွင်းသို့ သူ ပစ်ချလိုက်၏။

လှဲ့လှဲ့ ကြောင်ကြည့်နေခိုက် သူက ဖြည်းညင်းသက်သာစွာဖြင့် လှဲ့လှဲ့ဆီသို့ လျှောက်လာသည်။

"ခင်ဗျားကို ကျွန်တော် နှောင့်ယှက်မိတယ်"

သူ့အသံက သူ့အမူအရာကဲ့သို့ပင် အေးချမ်းသက်သာသည်။ သူ့စကားက တောင်းပန်သော စကားမှု မဟုတ်။ တောင်းပန်မှုသဘော မပါဟုလည်း မဆိုနိုင်။

"ကျွန်တော့်ဘာသာ ကျွန်တော် လမ်းလျှောက်လာတာပဲ၊ ဒါပေမဲ့ ငိုနေတဲ့ မိန်းမသားတစ်ယောက်ကို ဥပေက္ခာပြုပြီး ကျွန်တော် ဖြတ်မသွားနိုင်ဘူး၊ ကျွန်တော် ဘာအကူအညီ ပေးနိုင်ပါသလဲ"

လှဲ့လှဲ့က သူ့ကို ကြောင်ကြည့်နေဆဲ ဖြစ်သည်။ သူ့နောက်ဆုံး အမေးကို ကြားမှ ဖြည်းညင်းစွာ ခေါင်းခါပြ၏။

"အင်းလေ... ငိုနေတဲ့ လူတစ်ယောက်ကို ကျွန်တော်က ဘာမှ အကူအညီ ပေးနိုင်မှာလဲ၊ ဝတ္တရားရှိလို့သာ မေးရတယ်၊ ခင်ဗျား ငိုနေတာ တွေ့တော့ ကျွန်တော်လည်း အားကျမိတယ်"

"ရှင်..."

"လူဆိုတာဟာ ခံစားတတ်တဲ့ သတ္တဝါပဲ၊ ရယ်စရာ ရှိရင် ရယ်မယ်၊ ငိုစရာ ရှိရင် ငိုမယ်၊ ငိုစရာရှိရက်နဲ့ ငိုခွင့်မရှိတဲ့ လူတွေလည်း ဒီလောကမှာ ရှိတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK


ဥပမာ–ကျွန်တော်တို့လိုယောက်ျားတွေပေါ့၊ကျွန်တော်တို့မှာငိုခွင့်ကသိပ်မရှိဘူး"

"ရှင်ကကော... ငို... ငိုချင်နေလို့လား"

"မတိတ်တမ်း နှစ်ကိုယ် နှစ်ကိုယ် ယှဉ်တယ်၊ပြိုင်ငိုချင်စမ်းပါဘိလေးလို့ ရေးက စာရှိတယ်၊ကျွန်တော့်အတွက်လည်း ဒီလိုပဲ၊ပြိုင်ပြီးတော့ မဟုတ်တာတောင် တစ်ယောက်တည်း ငိုချင်မိတဲ့ အချိန်တွေ ရှိနေတယ်၊ ဒါပေမဲ့ ကျွန်တော်အဲ... မငိုခဲ့ပါဘူး"

"ရှင်က ဘာလို့ ငိုချင်ရတာလဲ"

"လွန်ခဲ့တဲ့ အနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ကိသာဂေါတမီကို ဗုဒ္ဓက သေခြင်းတရား မသိတဲ့အိမ်က မုန်ညင်းစေ့ ရှာခိုင်းခဲ့ဖူးတယ်၊ကိသာဂေါတမီဟာသေခြင်းတရား မသိတဲ့အိမ် ရှာမတွေ့ပါဘူး၊ဒီလိုပဲ မငိုချင်တဲ့ လူတစ်ယောက်ကို ဒီလောကမှာ ရှာလို့ မတွေ့နိုင်ဘူး ထင်တယ်"

လွဲလွဲက သူ့ကို စူးစိုက်ကြည့်သည်။

သူ့ရုပ်ရည်က မွန်ရည်သည်။ မျက်နှာထားက တည်ကြည်ပြီး ချိုသာအေးချမ်း၏။ ပေါ်ထင်သော မျက်ခုံးများအောက်မှ မျက်လုံးများသည် ကြည်လင်ပြီး ပျော့ပျောင်းနူးညံ့၏။

"ရှင်... ရှင် ဘယ်သူလဲ"

သူက လွဲလွဲ၏ လက်တွင်းမှ ပန်းလေးကို ကြည့်ပြီး ဖြေ၏။

"ကျွန်တော့်နာမည်က ခင်ဗျား လက်ထဲက ပန်းရဲ့ နာမည်ပဲ၊ တိုက်ဆိုင်တတ်တယ်"

"ရှင်... ဒီ ဒီ.. ပန်းနာမည်"

"ဟုတ်တယ်"

လွဲလွဲက ဝမ်းနည်းစွာ ပြုံးရင်း ခေါင်းခါသည်။

"ဒီပန်းနာမည်ကို ကျွန်မ... ကျွန်မ... မသိဘူး"

"ဗျာ... ဒီပန်းနာမည်ကို ခင်ဗျား မသိဘူး"

"မသိဘူး၊ကျွန်မမသိတာတွေအများကြီးပဲ၊မသိတာတွေကိုမသိဘူးလို့ လျှောက်ပြောနေရင်လည်း ဆုံးတော့မှာ မဟုတ်ဘူး၊ ဒီတော့ မသိခြင်းတွေ အများကြီးနဲ့ပဲ ကျွန်မ နေနေရတယ်"

mgyoe.com

mgyoe.com

SAMPLE BOOK


သူကလဲ့လဲ့ကို စိုက်ကြည့်နေပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်၏။

"မသိခြင်းတွေ အများကြီးနဲ့ နေနေရတယ်ဆိုတဲ့ ခင်ဗျားရဲ့ စကားကို ကျွန်တော် သိပ်ကြိုက်တယ်၊ အမှန်က လူတိုင်းလိုလိုဟာ မသိခြင်းတွေ အများကြီးနဲ့ နေနေကြတာ၊ ထားပါတော့လေ၊ ဟောဒီပန်းလေး နာမည် ကျွန်တော် ပြောပြမယ်၊ စိန်ပန်း... တဲ့"

"စိန်ပန်း"

"ဟုတ်တယ်၊ သူက မျက်နှာငယ်ပန်းပါ"

"ရှင်... မျက်နှာငယ်ပန်း"

"ပိတောက်နဲ့ ယှဉ်တော့ သူ မျက်နှာငယ်ရတယ်၊ ဩော်... ပိတောက်ကိုရော ခင်ဗျား သိသလား"

မဲ့ပြုံးလေး ပြုံးပြီး လဲ့လဲ့က ခေါင်းခါပြ၏။

"ပိတောက်ဆိုတာ ဟောဟိုအပင်က ပွင့်တာ"

သူက လမ်းဘေးရှိ အပင်တစ်ပင်ကို လက်ညှိုးညွှန်ပြ၏။

အပင်က အတန်လေး မြင့်သည်။ ရွက်နုတွေက လန်းဆန်းသစ်လွင်နေ၏။

"သင်္ကြန်ရောက်ခါနီးပြီ၊ သင်္ကြန်ဆို သူတို့ ပွင့်ကြမယ်၊ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်တည်းတဲ့၊ သူက ရှားရှားပါးပါး ပွင့်တယ်၊ သူ့ကို မြတ်နိုးကြတယ်လေ၊ ရှားပါးတယ် မဟုတ်လား၊ ဟောဒီ စိန်ပန်းခမျာကတော့.."

သူက လဲ့လဲ့၏ လက်တွင်းမှ စိန်ပန်းပွင့်လေးကို ညွှန်ပြသည်။

"သူလည်း တစ်နှစ်မှ တစ်ခါ ပွင့်တာပဲ၊ သူကတော့ အကြာကြီး ပွင့်တယ်၊ ဟောဒီလို နွေဦးက စပွင့်လိုက်တာဟာ မိုးတွေ ဖြိုင်ဖြိုင်ရွာတဲ့အထိပဲ၊ မိုးကပဲ ခြွေခြွေ၊ လေကပဲ ဖြုတ်ဖြုတ် သူကတော့ ဆက်ပွင့်နေတာပဲ၊ သူ့ကို ဘယ်သူကမှ တန်ဖိုးမထားပါဘူး၊ ဒါပေမဲ့ မိုးထဲလေထဲမှာ ဘယ်ပန်းတွေ ကုန်ကုန်၊ ဘယ်ပန်းတွေ တုံးတုံး သူကတော့ ပွင့်မြဲ ပွင့်ရက်ပဲ"

လဲ့လဲ့က စိန်ပန်းပွင့်လေးကို ငိုင်ငိုင်လေး ကြည့်နေ၏။ အတန်လေးကြာမှ မေးသည်။

"ရှင်ကတော့ စိန်ပန်းကို ချစ်တယ်ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


"ကိုယ်ချင်းစာတယ်လို့ ပြောရမယ်၊ ကျွန်တော့်နာမည်ကလည်း စိန်ပန်းတဲ့၊ တချို့က စိန်ဘန်းလို့ အသံထွက် ခေါ်ကြတယ်"

"ရှင့်နာမည်က စိန်ပန်း၊ စိန်ပန်းလို့ ရှင့်ကိုယ်ရှင် သိတယ်ပေါ့"

"ခင်ဗျား ဘာဆိုလိုပါသလဲ"

လဲ့လဲ့က စိတ်ပျက်စွာ သက်ပြင်းလေး ချလိုက်၏။ မိမိ ဆိုလိုသည်ကို သူ နားလည်အောင် မည်သို့ ရှင်းရမည်နည်း။

"ကျွန်မ နာမည်ဟာ လဲ့လဲ့လို့ ရှင့်ကို ပြန်ပြောချင်တယ်၊ ဒါပေမဲ့ လဲ့လဲ့ ဆိုတာကို ကျွန်မ မသိဘူး၊ ကျွန်မ သိတာက လဲ့လဲ့ ဆိုတာဟာ လူများတွေ ပြောလို့ ကျွန်မ မှတ်ထားရတဲ့ နာမည်တစ်ခု"

"ခင်ဗျားနဲ့ စကားပြောရတာဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်၊ ခင်ဗျား နာမည်ဟာ လူများပြောလို့ မှတ်ထားရတာ တစ်ခု ဟုတ်လား၊ အဲဒါဟာ အမှန်သဘောတစ်ခုပဲ ခင်ဗျ၊ ဒီလောကမှာ နာမည်မှန်သမျှဟာ လူများ ပြောလို့ မှတ်ထားရတာချည်းပဲ၊ သူ့ဘာသာသူတော့ ဘာမှ အဓိပ္ပာယ် မရှိဘူး"

လဲ့လဲ့က ခေါင်းလေးခါ၏။

"ကျွန်မ ပြောတာကို ရှင် နားမလည်ပါဘူး"

"ဟော... ခင်ဗျာ၊ ကျွန်တော်ကတော့ ခင်ဗျား ပြောတာကို ကျွန်တော် သိပ်သဘောပေါက်မိတယ်လို့ ထင်နေတာ"

လဲ့လဲ့က မဲ့ပြ၏။

"ရှင် သဘောမပေါက်ပါဘူး၊ ဥပမာ- ခုနက ရှင်က ရှင့်နာမည် စိန်ပန်း လို့ ပြောလိုက်တယ်၊ ရှင် ပြောပုံက ဟိုသင်း သိပ်သက်သာတာပဲ၊ ရှင်က စိန်ပန်း... စိန်ပန်းက ရှင်၊ ရှင်နဲ့ စိန်ပန်းဟာ တစ်ခုတည်း တစ်လုံးတည်း ဘာမှ မခြားနားသလိုပဲ၊ အခု ကျွန်မ ပြောတာကိုကော ရှင် နားလည်ရဲ့လား"

"အား...အဲ...နားလည်တယ်၊ကောင်းကောင်း နားလည်တယ်၊ခင်ဗျားက ကျွန်တော့်ဒုက္ခကိုတောင် သိနေပါရောလား"

"ရှင်... ရှင့်ဒုက္ခ"

"ဟုတ်တယ်၊ ခင်ဗျား ပြောသလိုပဲ၊ စိန်ပန်းက ကျွန်တော်၊ ကျွန်တော့်

mgyoe.com

mgyoe.com


က စိန်ပန်း၊ တစ်ခုတည်း တစ်လုံးတည်းပဲ၊ အဲဒါကို တခြားစီ ဖြစ်ဖို့ ကျွန်တော် ကြိုးစားတာ ကြာပြီ၊ ဒါပေမဲ့ မရပါဘူး၊ မရတော့ ဒုက္ခပေါ့"

"ရှင်က အဲဒါကို ဒုက္ခလို့ ခေါ်တယ်"

"ကျွန်တော် ဆိုတာက မရှိတဲ့ တရားပဲ၊ စိန်ပန်း ဆိုတာဟာလည်း အဲ... မရှိတဲ့ တရားတစ်ခုပဲ၊ မရှိတာ နှစ်ခုကို အရှိလို ဖမ်းယူ ဆုပ်ကိုင်ထားရတယ်၊ အဲဒီ သဘောဟာ ဒုက္ခမဟုတ်လို့ ဘာလဲ"

"ရှင် ဆိုတာကလည်း မရှိတဲ့ တရား၊ စိန်ပန်း ဆိုတာဟာလည်း မရှိတဲ့ တရား၊ နို့... ဒါဖြင့် ရှင်က ဘာလဲ"

"ကျွန်တော် ဆိုတာက မှတ်ထားရသူ၊ ကျွန်တော် မှတ်ထားတာတွေ ကျွန်တော် ပြောပြမယ်၊ ကျွန်တော့်နာမည်က စိန်ပန်း၊ ကျွန်တော့်အလုပ်က အယ်ဒီတာ၊ အယ်ဒီတာ ဆိုတာ ဘာလဲလို့ ခင်ဗျားက မေးဦးမလား မသိဘူး၊ အယ်ဒီတာ ဆိုတာက စာရေးဆရာတွေကို မွေးထုတ်ပေးသူ၊ သူတို့ရဲ့ ဇာတ်လမ်းတွေကို စိစစ်တည်းဖြတ်ပေးတဲ့ သူ"

လဲ့လဲ့၏ ရင်မှာ ဒိတ်ခနဲ ဖြစ်သွားသည်။ သူ့အားလည်း စူးစူးစိုက်စိုက် ကြည့်မိသည်။

"ရှင်...ရှင်...ဒါဖြင့်စာရေးဆရာ၊စာရေးဆရာမတွေကိုသိ...သိတယ်ပေါ့"

"ထင်ရှားတဲ့ စာရေးဆရာ၊ စာရေးဆရာမတွေ ဆိုရင် ကျွန်တော် သိပါတယ်"

လဲ့လဲ့၏ ရင်မှာ ပိုခုန်လာ၏။ အသံလေး တုန်တုန်ဖြင့် မေးသည်။

"ရှင် ဒါဖြင့် စာရေးဆရာမ လဲ့... လဲ့နှင်းရည်ကိုကော သိ... သိသလား"

"လဲ့နှင်းရည်"

သူက ဤနာမည်ကို ရွတ်လိုက်ပြီး စဉ်းစားသယောင် ခေတ္တငြိမ်နေ၏။

"လဲ့နှင်းရည်... အင်း လဲ့နှင်းရည်၊ နေပါဦး ဘာတဲ့၊ မေတ္တာလမ်းဆုံ၊ ဘဝလမ်းခွဲ၊ တစ်ယောက်တည်းပဲ ထားရစ်ပါ၊ နှုတ်မဆက်ဘူး လွမ်းရစ်မယ်၊ ရွက်ကြွေကိုပဲ စောင့်တော့မည်၊ အင်း အင်း... ခများ အလွမ်းသန်ရှာတယ်"

"ရှင် ဘာတွေ ပြောနေတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


"ဩော်... လွဲနှင်းရည် ဆိုလို့ပါ။ ကျွန်တော် မှတ်မိသမျှ လွဲနှင်းရည် ရေးခဲ့တဲ့ ဝတ္ထုနာမည်တွေကို ရွတ်ကြည့်တာ"

"ဒါ... ဒါဖြင့် ရှင်... ရှင်... လွဲနှင်းရည်ကို သိတယ်ပေါ့"

"လူကို ကျွန်တော် မတွေ့ဖူးပါဘူး၊ သူ့စာတွေကို သိတာပါ"

လွဲလွဲသည် သက်ပြင်းလေး ရှိုက်လိုက်၏။

"ရှင် လွဲနှင်းရည်ကို တွေ့ဖူးရင် သိပ်ကောင်းမှာပဲ"

"ခင်ဗျာ... ဘာပြုလို့"

"ကျွန်မဟာ လွဲနှင်းရည်လား"

"ဗျာ..."

"ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ စကားတွေက အဆက်အစပ်မရှိဖြစ်နေတယ်၊ ကျွန်မ ဘယ်လို ပြောရမလဲ၊ ရှင့်ကို မေးမယ်လေ၊ ကျွန်မဟာ လွဲနှင်းရည်ပါ ဆိုရင် ရှင် ဘယ်လိုပြောမလဲ"

သူက မျက်မှောင်ကြုတ်၍ လွဲလွဲကို ကြည့်သည်။ ခဏအကြာတွင် သူ့မျက်နှာက ရေးရေးပြုံးလာ၏။

"ကျွန်တော် ကြားဖူးတာက လွဲနှင်းရည်ဟာ အင်မတန် ချောတယ် တဲ့၊ ခင်ဗျားဟာလည်း စိတ်မဆိုးနဲ့နော်၊ အင်မတန် ချောတဲ့ မိန်းမသားတစ်ယောက်ပဲ၊ ပြီးတော့ ခင်ဗျားနာမည်က လွဲလွဲ၊ အို..."

သူက စကားကို ရုတ်တရက် ရပ်လိုက်၏။ ကြုတ်ထားသော မျက်မှောင်အောက်မှ သူ့မျက်လုံးများက လက်လာသည်။

"ရှင် ဘာဖြစ်သွားတာလဲ"

"ခင်ဗျား နာမည် လွဲလွဲနော်"

"အဲဒီလို ပြောကြတယ်"

"ဒေါက်တာဒေါ်လွဲလွဲ မဟုတ်ဘူးလား"

"အဲဒီလိုလည်း ပြောကြတယ်"

"မြန်မာစာဌာနက ဆရာမ ဒေါ်လွဲလွဲ၊ ဩစတြေးလျက ဘာသာဗေဒနဲ့ ပါရဂူဘွဲ့ ယူလာတဲ့ ဒေါက်တာဒေါ်လွဲလွဲ၊ ဟုတ်တယ် မဟုတ်လား"

"အဲဒါတွေလည်း သူတို့ ပြောကြတာပဲ"

mgyoe.com

mgyoe.com


"ခင်ဗျာ... ဘယ်လို"

လွဲလွဲက ပင်ပန်းစွာ ပြုံးလိုက်၏။ မိမိအဖြစ်ကို သူ နားလည်အောင် မည်သို့ ပြောရမည်နည်း။ ယခုမှ စတွေ့ရသော သူစိမ်းတစ်ဦးအားလည်း မိမိက မိမိအကြောင်းကို ဘာကြောင့် ပြောရမည်နည်း။

ပတ်ဝန်းကျင်မှာ မမှောင်သေးသော်လည်း နေရောင် ရုပ်သိမ်းသွားပြီကို လွဲလွဲ သတိပြုမိ၏။

"ရှင်စိတ်ရှုပ်သွားပြီထင်တယ်၊ကျွန်မကိုခွင့်လွှတ်ပါ၊ကျွန်မကိုဂရုတစိုက်စကားလာပြောလို့ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ ပြန်ပါဦးမယ်"

သူက ဘာမျှမပြော။ လွဲလွဲကိုသာ အံ့သြဟန်ဖြင့် မျက်လုံးပြူး၍ ကြည့်နေသည်။

ဘာကြောင့် မသိ။ လွဲလွဲ၏ ရင်မှာ နာလာသည်။ မျက်ရည်များလည်း ပြန်စို့လာသည်။

လွဲလွဲက သူ့အပါးမှ ချာခနဲ လှည့်ကာ ထွက်ခွာလာခဲ့သည်။

လမ်းခုလတ်တွင်မိမိဆီလျှောက်လာနေသောဦးဟန်မြင့်ကိုတွေ့သည်။

"လွဲလွဲ ဘာဖြစ်သလဲ"

"အို ဘာ... ဘာမှ မဖြစ်ပါဘူး"

"ဟိုလူက ဘာလုပ်သလဲ"

"ဘာ... ဘာမှ မလုပ်ပါဘူး၊ သူ... သူ လူကောင်းတစ်ယောက်ပါ"

အပြန်၌ ကားလေးသည် ပင်တန်းနီနီအောက်မှ ဖြတ်မောင်း၏။

စိန်ပန်း...

လွဲလွဲက စိတ်တွင်း၌သာ အသံမထွက်ဘဲ ရွတ်ဆိုသည်။

သည်အပင်တွေထက်ကအပွင့်တွေကစိန်ပန်း။ ဩ်...မိမိလက်တွင်း ယခုတိုင် ပါလာသေးသော ပန်းခက်ကလေးကလည်း စိန်ပန်း။

ဟိုလူတစ်ယောက်၏ နာမည်ကလည်း စိန်ပန်း။

နာမည်တွေ...နာမည်တွေက ဘာပြောသနည်း။ တစ်ခုတည်း မပြော။ နှစ်ခု ပြောသည်။ ပြောချင်သည် ပြောသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

နာမည် ဆိုသည်က ဟိုလူ ပြောသကဲ့သို့ မှတ်ထားရသည့် အရာတွေ။ သူတို့ဘာသာသူတို့ ဘာမျှ အဓိပ္ပာယ် မရှိ။

အို... လွဲလွဲအတွက်တော့ အဓိပ္ပာယ် ရှိချင်သည်။ လွဲနှင်းရည် အတွက်လည်း အဓိပ္ပာယ် ရှိချင်သည်။

လွဲလွဲသည် လွဲနှင်းရည်လား...လွဲနှင်းရည်သည် ဒေါက်တာလွဲလွဲ လား။

မြတ်စွာဘုရား... သုံးခုစလုံး နာမည်တွေပါတကား။

မှူးနောက်လာသဖြင့် လွဲလွဲသည် ခေါင်းကို ထိုင်ခုံနောက်မှီထက် လှန်တင်ကာ ငြိမ်ငြိမ်လိုက်လာရသတည်း။

◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၃ )

'ကံ့ကော်တန်းလေးအောက်သို့ မျိုးတစ်ယောက် ရောက်ခဲ့ရပြန်သည်။ သည်တစ်ကြိမ်တော့ တစ်ယောက်တည်း၊ မျိုး တစ်ယောက်တည်းပါ။

ကံ့ကော်တွေလည်း မပွင့်ပြီ။ ဥသြငှက်လည်း တေးမဆိုပြီ။ မျိုး၏နားတွင် တေးပမာ ချိုသည့် မောင့်စကားသံတွေကိုလည်း မကြားရပြီ။

မျိုးက မချိပြုံးလေး ပြုံးမိသည်။

ပတ္တမြားပလ္လင်... ကံ့ကော်ဦး... ။

မောင် ညွှန်းလေ့ရှိသော အနာဂတ်။

အလွန်ဝေးသော အနာဂတ်။ ဒါပေမဲ့ အလွန်လှပသော အနာဂတ်။ မောင့်အပြောနှင့်ပင် မျိုး ကြည်နူး လွမ်းဆွတ်ရသော အနာဂတ်။

ပစ္စုပ္ပန်မှာတော့မောင်မရှိပြီ။ဝေးလံသောအနာဂတ်ဆီကသွားစောင့်နေသလား မောင်၊ မောင် ပြောတဲ့ မေတ္တာနဲ့ သစ္စာကို ရင်မှာပိုက်ပြီး ဘဝတွေကိုဖြတ်လို့ မျိုး လိုက်ခဲ့ရမှာလား... ။

mgyoe.com

mgyoe.com SAMPLE BOOK


*အဲဒီကျတော့မှလည်း မောင် မရှိရင်....'*

လဲ့လဲ့သည် ဝတ္ထုစာအုပ်ကို အသာချထားလိုက်သည်။

လဲ့လဲ့၏ မျက်လုံးများတွင် မျက်ရည်များ လျှမ်းနေသည်။ မိမိကိုယ်ကို မျက်ရည်လျှမ်းသည်ကို မိမိ သိသည်။ မိမိ ရင်ကလည်း ဆွေးဆွေးမြည့်မြည့် လေး ဖြစ်နေသည်။ သည်လို ဆွေးဆွေးမြည့်မြည့်လေး ဖြစ်နေသည်ကိုလည်း သိသည်။ အို... ခံစား၍ပင် ကောင်းသေးတော့။ မျိုးကို သနားသည်။ မျိုး မောင့်ကိုလည်း သနားသည်။ သူတို့ ပြန်တွေ့ကြပါမည်လော။ မျိုး ပြောသည့် ဝေးလံလှသော ဟိုးအနာဂတ်ဆီမှာ သူတို့ ပြန်တွေ့ကြပါမည်လော။ တွေ့ကြပါစေ။ တွေ့ရမည် ပေါ့။ မိမိသာဆိုလျှင် ပြန်တွေ့ခိုင်းမည်။ လဲ့နှင်းရည်ကကော ပြန်တွေ့ခိုင်း မည်လော။ အင်းလေ... သူလည်း ပြန်တွေ့ခိုင်းချင်မည်ပေါ့။ ပြန်မတွေ့ခိုင်းချင် ဘဲနှင့် ဘာလို့ သူ ရေးရသနည်း။ မျိုးနှင့် မောင့်အကြောင်းကို သနားစရာ ကောင်း အောင် ဘာလို့ သူ ရေးရသနည်း။ လဲ့နှင်းရည် ရေးရသနည်း။

လဲ့လဲ့က စာအုပ်မျက်နှာဖုံးကို ကြည့်သည်။

လဲ့နှင်းရည်... မေတ္တာလမ်းဆုံ ဘဝလမ်းခွဲ။

လမ်းဆုံ ဆိုတော့ သီးသန့်ဖြစ်သော လမ်းလေးနှစ်ခု တစ်နေရာမှာ လာဖြတ်မိကြသည်။ ပြီးတော့ ကိုယ့်ခရီး ကိုယ် ဆက်ပြေးကြရသည်။ ရှုထောင့် တစ်ခုက ကြည့်လျှင်တော့ လမ်းဆုံ။ ရှုထောင့်တစ်ခုက ကြည့်ပြန်တော့ လမ်းခွဲ။ မေတ္တာထောင့်က ကြည့်တော့ လမ်းဆုံ။ ဘဝထောင့်က ကြည့်တော့ လမ်းခွဲ။ မျိုး နှင့် မျိုး မောင်တို့၏ မေတ္တာလမ်းဆုံ ဘဝလမ်းခွဲ။

လဲ့လဲ့သည် စာအုပ်လေးကို ပြန်ကိုင်သည်။

ဝတ္ထုက ဆုံးတော့မည်။ အဆုံးအထိ မဖတ်ရက်သဖြင့် လဲ့လဲ့က စာအုပ် ကို ခေတ္တချထားခြင်း ဖြစ်သည်။

သို့ရာတွင် မိမိက ဖတ်ရမည်။ အဆုံးအထိ ဖတ်ရမည်။ မျိုးမှာ ဘာပြော စရာ ရှိသေးသနည်း။ အင်းလေ... လဲ့နှင်းရည်မှာ ဘာပြောစရာ ရှိသေးသနည်း။

လဲ့လဲ့က ဆက်ဖတ်သည်။

*'အဲဒီကျတော့ မောင် မရှိရင်...*

*မျိုးက သက်ပြင်းလေး ရှိုက်ပြီး ခေါင်းကို မော့လိုက်သည်။*

mgyoe.com

mgyoe.com

*ပြာလွင်သော ကောင်းကင်ကြီးအား တွေ့ရ၏။ တိမ်ကင်းသဖြင့် ကောင်းကင်သည် အဆီးအတား မရှိ ကျယ်လွင့်နေသည်။*

*သံသရာ ဆိုသည်က မည်မျှ ကျယ်သနည်း။ သည်ကောင်းကင်ကြီး ထက် ကျယ်မည်။ အဆပေါင်း မရေနိုင်အောင် ကျယ်မည်။ သံသရာ ကျယ်ပါစေ၊ ရှည်ပါစေ၊ မျိုး လိုက်ခဲ့မည်။ ဘဝနှင့်သံသရာမှာ ဘယ်ဟာမှ မမြဲဆိုပေမယ့် မြဲသော တရားတစ်ခုကိုတော့ မျိုး သိသည်။*

*သစ္စာ...*

*သည်သစ္စာကို ရင်မှာပိုက်ပြီး မျိုး လိုက်ခဲ့မည်။ လမ်းခွဲမရှိတော့သည့် ဘဝအဆုံးတစ်ခုဆီ... မျိုး လိုက်ခဲ့ပါမည်'*

ဝတ္ထုအဆုံးတွင် လဲ့လဲ့က ငိုင်နေသည်။

ပြာလွင်သောကောင်းကင်ကြီး။ ပြာလွင်သောပင်လယ်ကြီးမှု မဟုတ်။

မိမိကတော့ ပြာလွင်သော ပင်လယ်ကြီးကို သိသည်။

သိသည်။ မြတ်စွာဘုရား... သိသည် ဆိုတော့ *မှတ်မိခြင်းပေါ့။*

မှတ်မိလေသော ပင်လယ်ကြီး။ ပြာသည်၊ ကျယ်သည်၊ ပြီးတော့ ရွက်လှေကြီး။ အဆောက်အအုံကြီး။

လဲ့လဲ့က ခေါင်းခါသည်။

အပြီးသတ်ကျတော့ ဒုံရင်းဒုံရင်းပင်။ ပင်လယ်ပြာကြီး၊ ရွက်လှေကြီး၊ အဆောက်အအုံကြီး။ သည့်ထက် ဘာမှ ပိုမမှတ်မိ။

လဲ့လဲ့သည် ဝတ္ထုစာအုပ်လေးကို စိုက်ကြည့်သည်။

သူက လဲ့နှင်းရည် ရေးသည် ဆိုသော ဝတ္ထုအမည်များကို ရွတ်ပြလိုက်၏။ မိမိအခန်းတွင်းရှိ လေးထောင့် မှန်ဗီရိုလေးထဲတွင် လဲ့နှင်းရည် ရေးသော ဝတ္ထုစာအုပ်များ ရှိနေသည်။

မေတ္တာလမ်းဆုံ ဘဝလမ်းခွဲ။ တစ်ယောက်တည်းပဲ ထားရစ်ပါ။ နှုတ်မဆက်ဘူး လွမ်းရစ်မယ်။ ကြွေရက်ကိုပဲ စောင့်တော့မည်။

မထူလှသော 'မေတ္တာလမ်းဆုံ ဘဝလမ်းခွဲ' ဝတ္ထုလေးကို မိမိ စဖတ်

mgyoe.com

mgyoe.com SAMPLE BOOK


ကြည့်သည်။ ပြီးတော့ မျက်ရည်လျှမ်းရသည်။ ရင်မှာ ဆွေးဆွေးမြည့်မြည့် ဖြစ်ရသည်။ သည့်ပြင်တော့ ဘာမျှ အမှတ်မရ။

လွဲနှင်းရည်ကိုသာ အနည်းငယ် မကျေမနပ် ဖြစ်မိသည်။

မျိုးနှင့် မောင့်ကို သူက ခွဲပစ်လိုက်သည်။ ခွဲမပစ်၍ မရဘူးလော။ ဘာ့ကြောင့် ခွဲပစ်ရသနည်း။ လွဲနှင်းရည် ရက်စက်သည်။

လွဲနှင်းရည် ရက်စက်သည် ဆိုတော့ မိမိ ရက်စက်သည်ပေါ့။ လွဲနှင်းရည်က မိမိ၊ မိမိက လွဲလွဲ။

မြတ်စွာဘုရား... မိမိကကော ရက်စက်တတ်သလော။ တစ်စုံတစ်ရာ ရက်ရက်စက်စက်ကော လုပ်ခဲ့မိဖူးသလော။

အောက်ထပ်မှ နာရီထိုးသံ ကြားရသည်။ နာရီသံက တစ်ချက်တည်းဖြစ်သော်လည်း တိတ်ဆိတ်သော ညမှာ ကျယ်သယောင် ဖြစ်နေသည်။

လွဲလွဲက လက်ပတ်နာရီလေးကို ကြည့်သည်။

ဆယ့်နှစ်နာရီခွဲ... သန်းခေါင်ကျော်ပြီ။

သို့ရာတွင် လွဲလွဲက မအိပ်ချင်သေး။ ညဦးနက်သည်အထိ မအိပ်ချင်သည်မှာ ကြာပြီ။ မအိပ်ချင်တော့ ဘာလုပ်ရမည်နည်း။

လွဲနှင်းရည် ဆိုလျှင် စာရေးမည်ပေါ့။ မိမိကကော...

စားပွဲပေါ်တွင်စာရေးစက္ကူတွေအဆင်သင့်ရှိသည်။မင်အိုးနှင့်ဖောင်တိန်လည်း ရှိသေး၏။

မိမိကော စာရေးရမည်လော။ ဘာကို ရေးရမည်နည်း။

လွဲလွဲက စာရွက်တစ်ရွက်ကို ယူသည်။ ဖောင်တိန်လေးကိုလည်း အဖုံးဖွင့်ကိုင်လိုက်သည်။

ရေးလေဟု လွဲလွဲက မိမိကိုယ်မိမိ တိုက်တွန်းသည်။

သို့ရာတွင် ဘာကစ၍ ရေးရမှန်း မသိ။ လွဲနှင်းရည် ဆိုလျှင် ဘာက စ၍ ရေးသနည်း။

ဘာကစ၍ရေးရမှန်း မသိတော့။ လွဲလွဲက စာရွက်ပေါ်တွင် ဖောင်တိန်နှင့် ဟိုခြစ် သည်ခြစ် လုပ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာရွက်ပေါ်တွင် မျဉ်းဖြောင့်များ၊ မျဉ်းကောက်များ၊ မျဉ်းတွန့်များသာ ပေါ်လာ၏။

လွဲလွဲသည် ထိတ်လန့်သွား၏။

မိမိ စာကော ရေးတတ်ပါ၏လော။ စာရေးခြင်းကို မှတ်မိပါ၏လော။

လွဲလွဲသည် စာလုံးလေးများကို ရေးချကြည့်၏။ က၊ ခ၊ ဂ၊ ဃ၊ င… ။

လွဲလွဲက ပြုံးသည်။ မိမိ စာရေးတတ်သည်။

လွဲလွဲသည် ရင်လေး ခုန်လာ၏။ မိမိ စာရေးတတ်သည်။ သည်တော့ ဆက်ရေးကြည့်မည်။ ဘာတွေ ရေးရမည်နည်း။

လွဲလွဲသည် တောင်ခြစ် မြောက်ခြစ် လုပ်နေပြန်၏။

ခဏအကြာတွင် အမှတ်မထင် ရေးမိသွားသော စာလုံးလေးများကို လွဲလွဲက မျက်လုံးပြူး၍ ကြည့်နေသည်။

မျိုး… မောင်… ရက်စက်သည်။

မည်သူ ရက်စက်သနည်း။ မျိုးလား… မောင်လား… လွဲနှင်းရည် လား…။

အို… ဘာဆိုင်လို့နည်း။ မျိုးက မရက်စက်ပါ။ မောင်ကလည်း မရက်စက်ပါ။ လွဲနှင်းရည်ကော ဘာကြောင့် ရက်စက်ရမည်နည်း။

လွဲလွဲ၏ ခေါင်းတွင်း တစ်နေရာက တဝီဝီ အော်လာ၏။ မူးနောက်နောက်လည်း ဖြစ်လာသည်။

လွဲလွဲက ဖောင်တိန်လေးကို ချပြီး ခေါင်းလေး မော့၍ လေကို ရှူ၏။

ခေါင်း အနောက်ပြေသောအခါ ဖွင့်ထားသော တံခါးမှ လေအေးလေး ဝင်လာနေသည်ကို သတိပြုမိ၏။

အခန်းတွင်းမှာအနည်းငယ်အိုက်နေသည်။ မိမိကိုယ်မှာလည်း ချွေးလေး စို့နေ၏။

လွဲလွဲက နေရာမှထပြီး ဝရန်တာဆီ ထွက်လာခဲ့၏။

အပြင်မှာက အေးနေသည်။ လေက ညင်ညင်သာသာ တိုက်ခတ်နေသည်။

လရောင် ရှိနေ၏။ ထိန်ထိန်ကြီးတော့ မဟုတ်။ မှုန်မှုန်ပြာပြာလေး ရယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

လွဲ့လွဲ့က လက်ဝဲဘက် မိုးပြင်ကို ကြည့်သည်။ လခြမ်းလေးက စောင်းစောင်းလေး သာနေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးက တိတ်ဆိတ်နေသည်။ သစ်ပင်ကြီးများကလည်း ငြိမ်နေသည်။

မြေပြင်မှ အရိပ်များကလည်း မလှုပ်မယှက်။

လရောင်မှုန်သော ညပြာပြာတွင် တစ်ယောက်တည်း ရပ်နေရသော မိမိအဖြစ်ကို လွဲ့လွဲ့ သတိပြုမိသည်။

လွဲ့လွဲ့၏ရင်တွင်းဝယ် အားငယ်သယောင်လည်းဖြစ်မိသည်။ လွမ်းဆွတ်သယောင်လည်း ဖြစ်မိသည်။

ဘာကို လွမ်းဆွတ်သနည်း။ မိမိ ဘာကို လွမ်းဆွတ်သနည်း။

ငိုင်ငေးနေသော လွဲ့လွဲ့၏ နားတွင် သာယာပျောင်းနွဲ့သော အသံတစ်သံ ပေါ်လာသည်။

တယောသံ...

တယောက အိမ်လက်ယာဘက်ဆီမှ လာနေသည်။

လွဲ့လွဲ့က တယောသံ လာရာဘက်ဆီသို့ ကြည့်သည်။

သည်ဘက်မှာက မိမိတို့ ခြံဝင်းနှင့် ယှဉ်စပ်နေသော အခြား ခြံတစ်ခု ရှိသည်။ လရောင်တွင် သစ်ပင်များကြားက တစ်ထပ်တိုက်ပုလေး တစ်လုံးကို ယင်းခြံအတွင်း၌ တွေ့ရသည်။

တယောသံက တစ်ဖက်ခြံတွင်း တစ်နေရာမှ လာသည်။

သြော်...ညဦးသန်းခေါင်ကျော်တွင် အိပ်မပျော်သူမှာ မိမိ တစ်ယောက်တည်း မဟုတ်။

လွဲ့လွဲ့ ငြိမ်နားထောင်နေစဉ်တွင် သီချင်းဆိုသံက ပေါ်ထွက်လာ၏။

'စိန်ပန်း ပန်းချီ ခြယ်ပြနေသည်၊ ပတ္တမြားသွေးတဲ့... ဆွေးဆွေးနီ၊

တောရေးရေးထက် သစ်လို့နေပြီ...'

လွဲ့လွဲ့၏ မျက်လုံးလေးပြူးသွား၏။ စိန်ပန်းပန်းချီ၊ မိမိနားကြားလိုက်ရသည် မှန်၏လော။ ပတ္တမြားသွေးဟုပင် ပါသေးသည်။ ညနေက တွေ့ခဲ့ရသော စိန်ပန်း ဆိုသည်က ဟုတ်သည်။ ပတ္တမြားသွေး ဆွေးဆွေးနီနီ။

mgyoe.com

mgyoe.com

'တိမ်တောင့် လေနှင့်ချီ၊ ရွှေလေတိုင်း ပြာမှိုင်းဝေရီ၊ ညှိုမှောင်အုံ့ပျ၊
နွေနှောင်းလများ ချစ်မိပါသည်၊ သစ္စာစကား ဆိုပြဟန်ညီ၊ မေတ္တာ
များနှင့် စိန်ပန်း... မိုးအလှပန်းချီ'

အသံက ယောကျ်ားသံ ဖြစ်သည်။ တယောသံလေးက ချွဲနွဲ့သော်
လည်း တေးသံကမူ မချွဲမနွဲ့။ တစ်စုံတစ်ရာ ခံစားမှု ပါသော်လည်း တေးသံက
အေးချမ်းတည်ငြိမ်သည်။

အဘယ်ယောကျ်ားသားသည် အဘယ် အကြောင်းကြောင့် ညဥ့်နက်
သန်းခေါင်တွင် ထ၍ ထူးထူးဆန်းဆန်း စိန်ပန်းအကြောင်း တေးကို ဆိုနေရ
သနည်း။

'မဖွေးပါပြီ၊ သင်းရနံ့တွေ မထုံပြီ၊ ပါရမီမစုံလှလို့၊ ချစ်ရသူအား၊
ကိုယ် တောင်းပန်သည်၊ ခေါင်းမှာပင် ဆင်မမြန်းနှင့်၊ လမ်းမက
ပန်း... လမ်းပေါ် ပန်းသည်၊ လမ်းမမှာ သင့်... လမ်းပေါ် ပွင့်မည်'

သည်အပိုဒ်မှာတော့သူ့အသံက လှိုက်လှိုက်လှဲလှဲနိုင်သည်။ ကြေကြေ
ကွဲကွဲလည်း ရှိသည်။ လှဲ့လှဲ့၏ ရင်မှာလည်း သနားစိတ် ပေါ်လာသည်။ တေးဆို
နေသူကိုလော၊ စိန်ပန်းကိုလော။ ဤသည်ကိုတော့ လှဲ့လှဲ့ မသိ။

'တောင်တန်းလေး နီနီ၊ ပန်းတော့ ရှိမည်၊ မိုးမှောင်ဖုံးလို့ မိုးချုန်းထစ်
မြည်၊ မိုးလုံးပတ်လည်၊ မိုးထဲ လေထဲ ကိုယ်ပဲ ပွင့်ရသည်'

သည်အပိုဒ် အဆုံးတွင် တေးသံရှင်က မဖွေးပါပြီမှ စ၍ ပြန်ကျော့
ဆိုနေသည်။

တေး၏အဓိပ္ပာယ်ကို လှဲ့လှဲ့ နားလည်လာသည်။ မျက်ရည်လေးလည်း
စ,ဝဲ၏။

တေးသံရှင်က မျက်နှာငယ်စိန်ပန်း၏ဘဝကို ကိုယ်စားပြောပြနေသည်။
ဘာကြောင့် ပြောရသနည်း။

လှဲ့လှဲ့သည် ညနေက အမှတ်မထင် တွေ့ခဲ့ရသော သူ့ကို သွားသတိရ
သည်။

သူ့နာမည်ကလည်း စိန်ပန်း။ ကြံကြံဖန်ဖန် လူနာမည် စိန်ပန်း။
mgyoe.com

mgyoe.com
SAMPLE BOOK


စိန်ပန်းဟူသည် မျက်နှာငယ်ပန်းဟုလည်း သူက ဆိုခဲ့သေးသည်။

အို... ယခု တေးဆိုနေသူကကော ဘယ်သူနည်း။

လွဲလွဲက ခြေဖျားလေး ထောက်ပြီး အသံလာရာဆီ ကြည့်သည်။

အသံက တိုက်ပုလေး၏အရှေ့ လက်ယာဘက်ယွန်းယွန်း တစ်နေရာမှ လာနေသည်။ လရောင်ကလည်း မှိန်သည်။ သစ်ပင်များကလည်း ရှိနေသည်။ လူကို လွဲလွဲ မတွေ့ရ။

တေးသံကသာ ဆက်ပေါ်နေ၏။

'မြရွက်လေးတွေ နုနုစိပ်သည်၊ မြရိပ်လွှာထက် ကိုယ် ရှိသည်၊

မိုးတွေထန် လေတွေပြင်းတော့ မြေဆင်းရလည်း ကိုယ် မမှုပြီ'

တေးသံရှင်က သည်အပိုဒ်ကို နှစ်ခါ ထပ်ဆိုသည်။

လွဲလွဲ၏ မျက်လုံးများ၌ ပလက်ဖောင်း ဖြူဖြူပေါ် ပန်းနီနီလေးတွေကို မြင်ယောင်လာသည်။

'နှင်းလာသူ ခြေလာဦးတော့၊ အပြုံးလည်း မပျက်ပြီ၊ အမုန်းလည်း မဖက်ပြီ၊ ဆေးသစ်လို့ ခြယ်မည်၊ သစ္စာစကား ဆိုပြဟန်ညီ၊ မေတ္တာများနှင့် စိန်ပန်း မိုးအလှပန်းချီ'

တေးသံက ဆုံးသွား၏။ လွဲလွဲက ငြိမ်နေသည်။

လွဲလွဲ၏ စိတ်တွင်းတွင် ပင်တန်းနီနီလေးအောက် ပြန်ရောက်နေသည်။ ခေါင်းပေါ်မှာလည်း စိန်ပန်းနီနီ။ ဘေးတစ်ပိုက်မှာလည်း စိန်ပန်းနီနီ။ မြေပြင်မှာလည်း စိန်ပန်းနီနီ။

လွဲလွဲသည် ဝရန်တာပေါ်၌ ကျနေသော လရောင်ကို ပြန်မြင်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်ကိုလည်း သတိရ၏။

လွဲလွဲက တေးသံ လာရာဆီ လှမ်းကြည့်သည်။ စောစောတုန်းကကဲ့သို့ပင် လူရိပ်လူယောင်ကို မတွေ့ရ။ ဘာသံမျှလည်း ထပ်မပေါ်လာတော့။

လွဲလွဲက သက်ပြင်းလေး ရှိုက်လိုက်ပြီး ကောင်းကင်ကို ကြည့်သည်။

မိုးသားလေးတွေ ရှိနေသည်။ များများတော့ မဟုတ်။ ပါးပါးလွှာလွှာနှင့် ဟိုတစ်စု သည်တစ်စု။ မသိမသာ ရွေ့ရွေ့လေးလည်း လွင့်နေကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်နေ့တော့ မိုးတွေ ရွာမည်။ အဲသည် အချိန်အထိ စိန်ပန်းနီနီလေးတွေ ရှိနေဦးမည်လော။ ရှိနေဦးမည်ဟု...သူက ပြောသည်။ စောစောက တေးသံရှင်ကလည်း ပြောသည်။

မိုးတွေထန်၊ လေတွေပြင်းတော့ ခများတွေ မြေဆင်းကြဦးမည်။ သည်အခါ နင်းသူက နင်းကြဦးမည်။ မိမိဆိုလျှင် မနင်း။ မနင်းပါဘူး။

လှဲ့လှဲ့က အိမ်တွင်းသို့ ဖြည်းဖြည်းလေး လှမ်းပြီး ပြန်ဝင်သည်။ တစ်စုံတစ်ရာကို နင်းမိမည် ကြောက်ပြီး ဖွဖွ ဖြည်းဖြည်းလှမ်း၍ ပြန်ဝင်သည်။

လက်ဖဝါး နှစ်ဖက်ထက် မေးလေးတင်ကာ စာရေးစားပွဲတွင် ထိုင်လျက်လှဲ့လှဲ့ ငိုင်နေသည်။

ရင်တွင်းမှာက ခံစားမှုမျိုးစုံနှင့် ပြည့်လျှမ်းနေသည်။

လွမ်းဆွတ်သည်။ ဘာကိုလွမ်းဆွတ်မှန်းမသိ။ ကြေကွဲသည်။ ဘာကြောင့်ကြေကွဲမှန်း မသိ။ သြော်... ငိုချင်သည်။ ငို၍လည်း မရပါတကား။

လှဲ့လှဲ့သည် အမှတ်မထင် ဖောင်တိန်လေးကို ကောက်ကိုင်ပြီး စာရွက်ပေါ်တွင် ရေးကြည့်သည်။

'စိန်ပန်း'

သည်စာလုံးလေးက ပေါ်လာ၏။ လှဲ့လှဲ့က ခေတ္တတွေတွေလေးကြည့်နေပြီးနောက် ဆက်ရေးသည်။

*'စိန်ပန်း၊ ဒီနေ့မှ ဒီပန်းနာမည်ကို သိသည်။ စိန်ပန်း ခေါ်သော လူတစ်ယောက်ကိုလည်း သိသည်။ မျိုးနှင့် မောင်တို့ကိုလည်း သိရသေးသည်။ အားလုံးက နာမည်တွေ။*

*စိန်ပန်းနှင့်စိန်ပန်းဆိုသောလူတစ်ယောက်ကအပြင်၌တကယ်ရှိသည်။ မျိုးနှင့် မောင်က ဝတ္ထုထဲက လူတွေ၊ ဘာကွာခြားသနည်း။*

*မိမိအတွက်တော့မှတ်ထားရခြင်းတွေပါ။ လှဲ့လှဲ့ ဆိုသော နာမည်ကဲ့သို့ မှတ်ထားရခြင်းတွေပါ။*

*မျိုးနှင့် မောင်၏ဇာတ်လမ်းကို မိမိ သိသည်။ လှဲ့နှင်းရည် ပြောပြသောကြောင့် ဖြစ်သည်။*

mgyoe.com

mgyoe.com SAMPLE BOOK


*စိန်ပန်းဆိုသောပန်းပွင့်လေးမှာပင်ပြောပြသူရှိသောကြောင့်ဇာတ်လမ်းလေး ရှိနေသည်။ မျက်နှာငယ်ပန်း။*

*စိန်ပန်း ဆိုသော လူတစ်ယောက်မှာကော ဇာတ်လမ်း ရှိသလော။ ရှိမည်ပေ့ါ။ သူ့ဇာတ်လမ်းကို သူ သိမည်။ တစ်ပါးသူ မပြောပြဘဲ သူ့ဘာသာ သူ သိမည်။*

*လွဲ့လွဲ့မှာကော ဇာတ်လမ်း မရှိဘူးလော။ သူ့မှာလည်း ရှိရမည်။ သူများ ပြောပြသော ဇာတ်လမ်း မဟုတ်။ သူ့ဘာသာ သူ သိသော ဇာတ်လမ်း။*

*သည်ဇာတ်လမ်း မရှိပါ။ လွဲ့လွဲ့ မသိပါ။ မသိပါ။ မသိပါ။ မသိပါ။'*

ရေးရင်းက လွဲ့လွဲ့၏ ရင်တွင် ဒေါသနှင့် နာကြည်းမှုများ ပေါ်လာသည်။ မသိပါ... ဟူသော စာလုံးများကို နာကြည်းစွာဖြင့် တစ်လုံးပြီး တစ်လုံး ရေးချသည်။ နောက်ဆုံး စာလုံးက အကြီးကြီး ဖြစ်နေသည်။

လွဲ့လွဲ့မှာ တုန်ယင်နေ၏။ လူမှာ အားကုန်သကဲ့သို့ မောပန်းနွမ်းလျလာသည်။ ဖြည်းညင်းစွာ ထပြီး လွဲ့လွဲ့က တံခါးကို ပိတ်သည်။ မီးကိုလည်း ပိတ်လိုက်သည်။

ခြင်ထောင် မချသေးဘဲ အိပ်ရာထက် အသာလှဲသည်။

မျက်လုံးကို မှိတ်လိုက်သောအခါ ဘာမှ မရှိတော့။ ရင်ခုန်သံသာ ရှိနေသည်။ရင်ခုန်သံကိုကြားနေရခြင်းကပင်သိခြင်း။အသက်ရှင်နေရသည်ကိုသိခြင်း။

သိခြင်း ဟူသည်က အသက်ရှင်နေရခြင်း။ အသက်ရှင်နေရခြင်း ဟူသည်က သိခြင်း။

မိမိသိနေရဦးမည်။ အသက်ရှင်နေသရွေ့ သိနေရဦးမည်။ သိခြင်းတွေက ဘယ်တော့ ပြည့်စုံမည်နည်း။

လွဲ့လွဲ့၏ မျက်လုံးများတွင် စိန်ပန်းပင်တန်းလေး ပေါ်လာ၏။

စိန်ပန်းပင်တန်းအောက် လွဲ့လွဲ့ ပြန်ရောက်နေသည်။

ခေါင်းပေါ်မှာလည်း နီနီ။ ဘေးတစ်ဝိုက်မှာလည်း နီနီ။ မြေပြင်မှာလည်း နီနီ။

လွမ်းဆွတ်ဖွယ်ကောင်းသော တေးသံကို လွဲ့လွဲ့ ကြားရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်တေးက အဝေးမှ လာသည်။ ဘေးတစ်ပိုက်မှ လာသည်။ မြေပြင်မှလည်း လာသည်။ ကောင်းကင်မှလည်း လာသည်။

လှဲ့လှဲ့က လွမ်းဆွတ်သည်။

လွမ်းလွမ်းဆွတ်ဆွတ်နှင့် လှဲ့လှဲ့ အိပ်မောကျသွား၏။

♦

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၄ )

လဲ့လဲ့ အိပ်ရာမှ နိုးသောအခါတွင် အခန်းတွင်းသို့ နေရောင်များ ထိုးဝင်နေပြီ။

လဲ့လဲ့က ထထိုင်ပြီး လက်ပတ်နာရီလေးကို ကြည့်သည်။

နံနက် ရှစ်နာရီပင် ရှိနေပြီ။

နွေဖြစ်သဖြင့် နံနက်မှာ အိုက်တိုက်တိုက်လေးနိုင်သည်။

လဲ့လဲ့က အိမ်ရှေ့ပိုင်း တံခါးကို ဖွင့်၍ ဝရန်တာသို့ ထွက်ကာ ညက တေးသံသာ လာရာဘက်သို့ ကြည့်သည်။

"အို..."

လဲ့လဲ့ နှုတ်မှ အသံလေး တိုးတိုးထွက်လာသည်။ ကိုယ့်မျက်စိကိုပင် ကိုယ် မယုံမိ။

စိမ်းသောသစ်ပင်များကြားတွင် ထိန်ထိန်နီသော အပွင့်အုပ် တစ်ပိုင်း တစ်စကို တွေ့ရသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


တစ်ဖက် ခြံတွင်း၌ စိန်ပန်းပင် ရှိသည်တကား။

မနေ့ ညနေက မိမိ သတိမပြုမိ။ ဩော်... အဲသည်ခြံဘက်ကိုပင် ဂရုပြု မကြည့်မိခဲ့။

သည်ခြံတွင်းက တစ်ထပ်တိုက်လေးတွင် မည်သူ နေသနည်း။ ညက တယော ထတီးသူသည် မည်သူနည်း။

ညက တေးသံရှင်သည် စိန်ပန်းအကြောင်းကို စိန်ပန်းပင်အောက်မှ သီဆိုဟန်တူသည်။ စိတ်ကူးယဉ်သော လူတစ်ယောက်။ အင်း... စိတ်ကူးယဉ် သော လူတစ်ယောက်။ သို့ရာတွင် သည်လူတစ်ယောက်ကို မိမိက ဘာကြောင့် စောစောစီးစီး ထသတိရနေရသနည်း။

ဝရန်တာတွင် အတန်ကြာ ငိုင်ငေးရပ်နေပြီးမှ လဲ့လဲ့သည် အခန်းတွင်း ပြန်ဝင်ကာ စာရေးစားပွဲအနီးတွင် ရပ်သည်။

"ဟော..."

လဲ့လဲ့ အံ့သြရပြန်သည်။

စာရေးစားပွဲနှင့် မျက်နှာချင်းဆိုင်ရှိသော ပြတင်းမှလည်း ထိန်ထိန်နီ သော စိန်ပန်းတို့ကို တွေ့နေရသည်။

လဲ့လဲ့က ပြတင်းပေါက်နား ကပ်သွားသည်။

သည်ကနေ ကြည့်တော့ စိန်ပန်းပင်ကြီး တစ်ပင်လုံးကို တွေ့ရသည်။ ဩော်... နောက်မှီရှိသော ခုံတန်းရှည်တစ်လုံးကိုပင် တွေ့ရသေး၏။

စိန်ပန်းပင်က အတန်ကြီးသည်။ ကိုင်းမ၊ ကိုင်းခွဲများက ကွေးကွေး လိမ်လိမ်နှင့် တစ်မျိုးတစ်ဖုံ လှပသည်။ ညွတ်ဝိုင်းကျနေသော အပွင့်အုပ်က ထီး နီနီကြီးပမာ ကျယ်ဝန်းဘိသည်။

စိန်ပန်းပင်ကြီးကိုငေးကြည့်နေသောလဲ့လဲ့မှာမမျှော်လင့်သောသဏ္ဌာန် လေးတစ်ခုကို တွေ့ရသဖြင့် စိတ်ဝင်စားသွားပြန်သည်။

လူငယ်လေးတစ်ဦး။စိန်ပန်းပင်ကြီးနှင့်မလှမ်းမကမ်းတွင်အလုပ်များ နေသည်။

သူငယ်က ပေါက်ပြားတစ်လက်နှင့် မြေကို တူးယက်နေ၏။ သူ့အရပ်

mgyoe.com

m.g y o e . c o m SAMPLE BOOK


လေးနှင့် ယှဉ်တော့ ပေါက်ပြားအရိုးမှာ ရှည်သကဲ့သို့ ဖြစ်နေသည်။ ပေါက်ပြားကို မနိုင်မနင်း ကိုင်နေရဟန်ကလည်း သိသာထင်ရှားနေသည်။

သည်အရွယ်နှင့် ပင်ပင်ပန်းပန်း ဘာလုပ်နေရှာသနည်း။

အမှတ်မထင် ကြည့်ရင်း လှဲလှဲက သူငယ်လေးအပေါ် ကရုဏာသက်မိနေသည်။

ဝတ်ထားသော အဝတ်အစားလေးများက နွမ်းသည်။ ပုဆိုးတိုတိုလေးက ညှိုညစ်ညစ်နိုင်သည်။ စွပ်ကျယ် လက်ပြတ် အဖြူလေးကပင် အဖြူရောင် အားနည်းနေသယောင် ရှိ၏။

နွမ်းသော သဏ္ဌာန်လေးကို စိုက်ကြည့်နေခိုက် မြင်ကွင်းဝယ် ဝင်းသော သဏ္ဌာန်လေးတစ်ခု ပေါ်လာပြန်သဖြင့် လှဲလှဲမှာ အံ့သြရပြန်သည်။

ကောင်မလေးတစ်ယောက်။ ဂါဝန်လေးက ဝါဝါ။ အဝေးက ကြည့်ရတော့ အသားလေးများကလည်း ဂါဝန်ရောင်အတိုင်း ဝင်းဝါနေသည်။ ရှူးဖိနပ်အထက်နားက ခြေအိတ်လေးများက ဖြူဖွေးနေသည်။ လည်ကုပ်ဆီ ဝဲကျနေသော ဆံပင်များက နက်မှောင်သည်။

လှပသော ကောင်မလေးတစ်ယောက်။ သည်ကောင်မလေး ဘယ်က ပေါ်လာသနည်း။ မချောဝါဝါလေးက သူငယ်လေးနား ကပ်သွားကာ ခါးထောက်လျက် ကြော့ကြော့လေး ရပ်နေသည်။

သူငယ်လေးက အလုပ်ကို ရပ်ပြီး ပေါက်ပြားကို ကိုင်လျက် မချောလေးကို ကြည့်သည်။

မချောလေးက တစ်စုံတစ်ရာ မေးသည်နှင့် တူ၏။ ကောင်ကလေးက ပြန်ဖြေနေသည်။

မချောလေးက လက်တစ်ဖက်က ခါးထောက် မပျက်။ ကျန်တစ်ဖက်က ဟိုဟိုသည်သည် ညွှန်ပြပြီး စကားပြောနေသည်။ ကောင်ကလေးကလည်း ပြန်ပြောသည်။ သူ့အမူအရာကတော့ ယို့ယို့ကျို့ကျို့နိုင်သည်။

မချောလေးက စတိုင်ပါပါနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ လမ်းလျှောက်ရင်းလည်း စကားပြောနေဟန် တူသည်။ ကောင်ကလေးက ငြိမ်ငြိမ်လေး ရပ်နေသည်။

m g y o e . c o m

mgyoe.com

SAMPLE BOOK


မချောလေး ပြောသည်ကို နားထောင်နေရသလော။ မေးသမျှကို ဖြေနေရသလော။ သြော်... ခမျာ သူ့အလုပ်လေး ပျက်တော့မည်။

မချောလေးက လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး အပင်ကြီး တစ်ပင်ကို လက်ညှိုးထိုးပြ၏။

လဲ့လဲ့ကပါ သစ်ပင်ကို လှမ်းကြည့်သည်။ သည်သစ်ပင်ကို လဲ့လဲ့ မှတ်မိသည်။ ပိတောက်ပင်... သည်ပိတောက်ပင်ကြီးကတော့ မြင့်သည်။ စိန်ပန်းပင်ကြီးနှင့် ယှဉ်လျက် ပေါက်နေ၏။ လဲ့လဲ့ ကြည့်နေစဉ် ကောင်ကလေးက ပေါက်ပြားကို ချထားပြီး စိန်ပန်းပင်ကြီးဘက် လျှောက်သွားကာ တစ်စုံတစ်ရာကို ကောက်ယူခဲ့ပြီး ကောင်မလေးကို ပေး၏။

စိန်ပန်းပွင့်ခက် တစ်ခက် ဖြစ်ကြောင်း လဲ့လဲ့ လှမ်းမြင်ရသည်။

ကောင်မလေးက စိန်ပန်းပွင့်ခက်ကို သေသေချာချာ စစ်ဆေးကြည့်နေသည်။ တစ်ချက် နမ်းကြည့်လိုက်ပြီးနောက် ကောင်မလေးသည် တစ်စုံတစ်ရာ သဘောကျဟန် ရယ်၍ စိန်ပန်းပွင့်ခက်ကို မြေပြင်သို့ လွှင့်ပစ်လိုက်သည်။

"ကြည့်စမ်း"

ဟု လဲ့လဲ့က ရေရွတ်မိသည်။

ရက်စက်သည့် ကလေးမ။ မျက်နှာငယ် ပန်းလေးကို လွှင့်ပစ်သည်။ ခြေနှင့်များ နင်းဦးမည်လော။

တော်ပါသေး၏။ မချောလေးက ဘာမျှ ဆက်မလုပ်ဘဲ တိုက်ပုလေးဆီ ပြန်လျှောက်ကာ အတွင်းသို့ ဝင်သွား၏။

ကောင်ကလေးက စိန်ပန်းပွင့်ခက်လေးကို ပြန်ကောက်ယူပြီး မချောလေး ဝင်သွားရာ အိမ်ဆီသို့ ငေးကြည့်နေ၏။

ထိုစဉ်အခြားကောင်ကလေး တစ်ကောင်က စက်ဘီးလေး စီး၍ပေါ်လာသည်။

သည်ကောင်ကလေးကတော့ ပန်းရောင်ရှပ်အင်္ကျီလက်တိုလေး ဝတ်ထားသည်။ ပုဆိုးလေးကလည်း သစ်သစ်လွင်လွင်။ ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ် ခွဲထားသည်။ လက်၌လည်း လက်ပတ်နာရီ ပတ်ထား၏။

mgyoe.com

mgyoe.com SAMPLE BOOK


သူကခြေကားထောက်၍စက်ဘီးကိုရပ်ထားပြီးဘဲ(လ်)ကိုသာကလင်... ကလင်... နှင့် တီး၏။

တိုက်တွင်းမှ မချောလေး ပြေးထွက်လာသည်။ စက်ဘီးပေါ်မှ ကောင်ကလေးကို ရယ်မော နှုတ်ဆက်ပြီးနောက် တိုက်တွင်း ပြန်ဝင်သွား၏။

မကြာမီ မိန်းမစီး စက်ဘီးလေးကို တွန်း၍ မချောလေး ပြန်ထွက်လာသည်။

သူတို့နှစ်ယောက်ကစက်ဘီးလေးတွေကိုယ်စီစီးပြီးခြံတွင်းမှထွက်သွားကြ၏။ လွဲလွဲ၏ မျက်လုံးများက ပထမ ကောင်ကလေးဆီ ပြန်ရောက်သွား၏။

သည်ကောင်ကလေးကတော့ရပ်နေဆဲ၊လက်တွင်းမှာလည်းစိန်ပန်းပွင့်ခက်လေးကိုကိုင်ထားဆဲ၊သူ့ခေါင်းလေးကသာမချောလေးနှင့်ဟိုကောင်ကလေး ထွက်သွားရာဘက်ဆီ လှည့်ပြီး ငေးကြည့်နေသည်။

ဘာကြောင့် မသိ။ လွဲလွဲကလည်း ကရုဏာသက်ပြီး ကောင်ကလေးကို ငေးကြည့်နေသည်။

ကောင်ကလေးက မူလ သူ အလုပ်လုပ်နေရာသို့ဖြည်းညင်းစွာ ပြန်သွားသည်။

ကောင်ကလေးက အလုပ် ပြန်မလုပ်တော့၊ ပေါက်တူးလေးကို ထမ်းယူပြီး အိမ်ဘေးဘက်သို့ ထွက်သွားသည်။ သူ့လက်တစ်ဖက်ကတော့ စိန်ပန်းပွင့်ခက်လေးကို ကိုင်လျက်။

ကောင်ကလေး မြင်ကွင်းမှ ပျောက်သွားမှ လွဲလွဲက သက်ပြင်းချသည်။

လွဲလွဲက မျက်နှာသစ်၊ အဝတ်အစားလဲ၊ မှုန်နံ့သာ တို့ပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

လက်ဖက်ရည်စားပွဲတွင် ဖေဖေနှင့် မေမေ့ကို တွေ့ရ၏။

ဖေဖေက စားသောက်ပြီးပြီနှင့်တူသည်၊ သတင်းစာ တစ်စောင်ကိုဖတ်နေ၏။ မေမေက နှုတ်ဆက်သည်။

"လာ... သမီး၊ အတော်ပဲ၊ မေမေလည်း မစားရသေးဘူး"

"အို... နေမြင့်လှပြီ၊ သမီးကို စောင့်နေတာလား"

mgyoe.com

"မေမေလည်း ဘုရားပန်းလဲ၊ ဘုရားရှိခိုးနေတာနဲ့ အင်း.... နေတော့ နည်းနည်းမြင့်သွားတယ်၊ သမီး အိပ်ကောင်းတယ် ထင်တယ်"

လဲ့လဲ့က ဘာမျှ မဖြေ။ မိမိ အိပ်ကောင်းသည် မဟုတ်။ ညဉ့်နက်မှ အိပ်ပျော်သဖြင့် အိပ်ရာထ နောက်ကျခြင်းသာ ဖြစ်သည်။

ကုလားထိုင် တစ်လုံးတွင် လဲ့လဲ့ ဝင်ထိုင်ပြီးသောအခါ ဖေဖေက သတင်းစာကို ဘေးချလိုက်ပြီး ပြော၏။

"သမီး အိပ်ရေးဝတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ၊ သမီး ဟိုသင်း... အိပ်ရာဝင်တော့ နောက်ကျသွားတယ်"

"ကိုယ့်အိမ်မှာပဲ သမီး၊ ကြိုက်တဲ့အချိန် အိပ်၊ ကြိုက်တဲ့အချိန် ထ၊ ပြီးတော့ ဟောဒီလို နွေက စောစောအိပ်လို့ မရပါဘူး"

အေးကြည်က ကြက်ဥဟပ်ဘွိုင်နှင့် ပေါင်မုန့်မီးကင်များ လာချပေး၏။ လဲ့လဲ့နှင့် မေမေတို့က စတင် စားသောက်ကြ၏။ ဖေဖေကလည်း ကော်ဖီ အနက် တစ်ခွက် ငုံ့သောက်နေ၏။

လဲ့လဲ့က ကြက်ဥတစ်လုံး၊ ပေါင်မုန့်မီးကင် ထောပတ်သုတ် နှစ်ချပ်နှင့် သီးမွှေးငှက်ပျောသီးတစ်လုံးစားပြီးမေမေငှဲ့ပေးသောလက်ဖက်ရည်တစ်ခွက်ကို သောက်၏။ လက်ဖက်ရည်သောက်နေစဉ်စောစောက လှမ်းတွေ့ရသော တစ်ဖက်ခြံမှ ကောင်မလေးနှင့် ကောင်ကလေးများကို လဲ့လဲ့ သတိရ၏။

"မေမေ ဟိုဘက်ခြံမှာ ဘယ်သူ နေသလဲ ဟင်"

"ဟိုဘက်ခြံ မဟုတ်ဘူး၊ အဲဒါလည်း မေမေတို့ခြံ"

"ရှင်..."

"ဟိုဘက်ခြံ တစ်ပိုင်းမှာ တိုက်လေး ဆောက်ပြီး အားတာနဲ့ လူငှား ခဏ ထားတာ"

"လူငှား... ဘယ်သူ့ ထားလဲ မေမေ"

"ကောလိပ်က လက်ထောက်ကထိက လင်မယားလေ"

"ဪ... သူတို့မှာ သားသမီး ရှိသလား"

"မရှိပါဘူး၊ လက်ထပ်ပြီးစ ရှိကြသေးတယ်၊ ပြောင်းလာတာလည်း

mgyoe.com

mgyoe.com SAMPLE BOOK


မကြာကြသေးဘူး၊ ပြီးတော့ အခုလို နွေကျောင်းပိတ်ဆိုရင် သူတို့ ရန်ကုန် ပြန်နေကြတာ၊ စာမေးပွဲ မေးခွန်းတွေ သွားစစ်ရတယ်တဲ့"

"ဒါပေမဲ့ မနက်က အဲဒီခြံမှာ သမီး ကလေးလေးတွေ တွေ့တယ်"

"ကလေးလေးတွေ"

"ဟုတ်တယ်၊ဟိုသင်း...ဆယ်နှစ်၊ဆယ့်တစ်နှစ်အရွယ်လောက်ရှိမယ်"

မေမေက လွဲလွဲကို စိုက်ကြည့်သည်။ ထို့နောက် ဖေဖေ့ကို မေးခွန်းထုတ်ဟန်ဖြင့် လှမ်းကြည့်၏။

ဖေဖေက အထူးစိတ်ဝင်စားဟန် မရှိသော အမူအရာဖြင့် ဆို၏။

"အနီးအနားက ကလေးတွေများ လာဝင်ဆော့ကြသလား မသိဘူး"

"မဟုတ်ဘူး ဖေဖေ၊ ကောင်မလေးတစ်ယောက်၊ ဂါဝန်ဝါဝါလေးနဲ့ ချောချောလေး၊ အဲဒီအိမ်ထဲကပဲ ထွက်လာတာ၊ စက်ဘီးလေးတောင် ယူထုတ်လာသေးတယ်"

ဖေဖေက စဉ်းစားသယောင် မျက်မှောင်ကြုတ်၏။ မေမေကသာ မယုံနိုင်သော မျက်နှာပေးဖြင့် လွဲလွဲကို ကြည့်ပြီး မေး၏။

"သမီး တကယ် တွေ့လိုက်တယ်"

မေမေ့မျက်နှာပေးကိုလွဲလွဲနားမလည်။မေမေ့ပုံကလည်းတစ်မျိုးကြီး။

"သမီးတကယ်တွေ့တာပေါ့၊ကောင်လေးတစ်ယောက်က ခပ်နွမ်းနွမ်း၊ ပေါက်ပြားလေးနဲ့မြေပေါက်နေတယ်၊ကောင်မလေးနဲ့စကားပြောတယ်၊နောက် စက်ဘီးနဲ့ ကောင်လေးတစ်ကောင် ထပ်ရောက်လာတယ်၊ အဲဒီကောင်လေးနဲ့ ကောင်မလေးက စက်ဘီးစီး ထွက်သွားကြတယ်၊ ဟို ကောင်လေးသာ ကျန်နေခဲ့တာ" .

"သမီး အိပ်မက် မက်တာတော့ မဟုတ်ဘူးနော်"

"ကြဲကြဲဖန်ဖန် မေမေကလည်း၊ သမီး အိပ်ရာက နိုးမှ ပြတင်းပေါက်က မြင်ရတာ"

မေမေက ပါးစပ်အဟောင်းသားနှင့် လွဲလွဲကို ကြည့်နေသေးသည်။ ပြီးမှ ဖေဖေ့ကို လှမ်းကြည့်သည်။

ဖေဖေက ချောင်းတစ်ချက် ဟန့်ပြီး ပြော၏။

mgyoe.com

mgyoe.com

SAMPLE BOOK


"ဖေဖေ ခုနက ပြောသလို အနီးအနားက ကလေးတွေ ဝင်ဆော့တာ ဖြစ်မှာပေါ့၊ ဒီလိုပဲ ကလေးတွေ စက်ဘီး လျှောက်စီးပြီး ခြံတွေထဲ ဝင်တတ်ကြတယ်"

လှဲ့လှဲ့မှာ ဇဝေဇဝါ ဖြစ်သွား၏။

ဟိုကောင်လေးနှင့် ကောင်မလေးမှာ ဖေဖေ ပြောသကဲ့သို့ စက်ဘီး လျှောက်စီးကြသူများလော။

သို့ရာတွင် ကောင်မလေးက တိုက်တွင်းမှ ထွက်လာသည်။ သူ့အမူအရာလေးကသည်အိမ်တွင်နေသည့်ဟန်မျိုးအပြည့်ရှိသည်။စက်ဘီးနှင့်ဟိုကောင်လေးလာတော့ တိုက်တွင်းမှ လူချည်း ထွက်လာသည်။ ပြီးမှ စက်ဘီးလေးကို ထုတ်လာသည်။ ဤသည်ကို မိမိ ကောင်းကောင်းမှတ်မိသည်။

မှတ်မိသည်။ လှဲ့လှဲ့မှာ ထိတ်လန့်သယောင် ဖြစ်သွား၏။

မိမိက အဘယ်မျှ မှတ်မိစွမ်း ရှိသနည်း။ မိမိ၏ ဦးခေါင်းကို မိမိ မည်မျှ စိတ်ချနိုင်ပြီနည်း။

လှဲ့လှဲ့က အားငယ်စိတ်၊သံသယစိတ်များနှင့် ဖေဖေ့ကို အားကိုးတကြီး လှမ်းကြည့်သည်။ ဖေဖေက အသာအယာ ရယ်၏။

"ငါ့သမီးကလည်း နေကောင်းကောင်း မကောင်းသေးဘူး၊ မတင်လှိုင် မေးပုံမြန်းပုံတွေကလည်း သမီး စိတ်ထွေအောင် လုပ်သလို ဖြစ်နေပြီ၊ ကဲ… ဖေဖေ မေးမယ်၊ ဒီကလေးတွေကို သမီး တကယ် မြင်လိုက်တယ် မဟုတ်လား"

လှဲ့လှဲ့က လေးလေး,လေး ခေါင်းညိတ်ပြ၏။

"သမီး မြင်လိုက်ရင် ကလေးတွေ ဟိုဘက်ခြံထဲ လာကြလို့ပေါ့၊ အိမ်ရှင်တွေ မရှိပေမယ့် အိမ်စောင့်တွေတော့ ကျန်ခဲ့မှာပေါ့၊ သူတို့နဲ့ သိလို့ လာကြတာ ဖြစ်မှာပေါ့၊ ဆန်းတာမှ မဟုတ်တဲ"

လှဲ့လှဲ့က တွေတွေလေး ငြိမ်နေ၏။ ဖေဖေ ပြောသည်က ဖြစ်နိုင်သည်။ ဥပမာ– ကောင်မလေးက အလျှင်ရောက်နှင့်ပြီး သူ့အသိ အိမ်စောင့်တွေနှင့် စကားဝင်ပြောနေမည်။ နောက် သူ့အဖော် ကောင်ကလေးက လိုက်လာသည်။ ပြီးတော့ ပြန်သွားကြသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သို့ရာတွင် ပေါက်ပြားနှင့်ကောင်ကလေးကကော။ သည်ကောင်ကလေးကတော့ ဝင်ဆော့သူ မဖြစ်နိုင်။ ပေါက်ပြား ဆိုသည်မှာ ဆော့ကစားရာ၌ သုံးသော ပစ္စည်း မဟုတ်။ သူ့အမူအရာလေးကလည်း ဆော့ဟန် မဟုတ်။ အလုပ် လုပ်ဟန်သာ။

သြော်... သည်ကောင်ကလေးက အိမ်စောင့်၊ ခြံစောင့်၏ သားသမီးထဲက ဖြစ်နိုင်သည်။ သည်လိုဆိုလျှင်တော့ ခြံတွင်းမှာ သူ လုပ်စရာလေးတွေ ရှိနိုင်သည်။ သူ့မိဘက ခိုင်းထားသည်လား။ သူ့မိဘကို ကူညီသည်လား။ သူ့အဝတ်အစားလေးများကမူ နွမ်းပါဘိ။

ဖြစ်နိုင်ဖွယ်ရာများကို စဉ်းစားနေရာမှ လဲ့လဲ့သည် တစ်စုံတစ်ရာကို သတိရပြန်၏။

"ဖေဖေ... ညက သမီး တယောသံ ကြားသေးတယ်"

ဖေဖေက သတင်းစာ ပြန်ဖတ်နေရာမှ လဲ့လဲ့ကို ကြည့်သည်။

"ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီဘက်ခြံက"

"အဲဒီဘက်ခြံက"

သည်တစ်ကြိမ်မူ မျက်မှောင် မကြုတ်တကြုတ်နှင့် မေးသော ဖေဖေ့ အသွင်၌ အံ့သြဟန် အနည်းငယ်ပါသည်။

"လမ်းမပေါ်က မဟုတ်ဘူး ဖေဖေ၊ အဲဒီခြံထဲက၊ သမီး သေသေ ချာချာ သိတယ်"

ဖေဖေကတော့ စဉ်းစားသယောင် ငြိမ်နေသည်။ မေမေကမူ လဲ့လဲ့ကို ကြည့်လိုက်၊ ဖေဖေ့ကို ကြည့်လိုက်နှင့် လုပ်နေ၏။

အတန်လေးကြာမှ ဖေဖေက ဖြေ၏။

"အင်း... ဟိုဘက်ခြံမှာ ဧည့်သည်များ ရောက်နေသလား မသိဘူး"

"ဧည့်သည်..."

"အိမ်ရှင်တွေ မရှိပေမယ့် သူတို့ မိတ်ဆွေတွေထဲက လာတည်းခိုတာ ဖြစ်နိုင်တယ်၊ နွေဆို... တို့ မော်လမြိုင်က ဧည့်သည်အများသား၊ ရန်ကုန်ထက်

mgyoe.com

mgyoe.com

စာတော့ ဒီက ရာသီဥတု အေးတယ် မဟုတ်လား၊ တော်တော်ကြာမှ ဖေဖေ အဲဒီဘက် လျှောက်သွားပြီး စုံစမ်းကြည့်ပါဦးမယ်"

ထိုမျှသာ ပြောပြီး ဖေဖေက သတင်းစာ ပြန်ဖတ်နေသည်။

လွဲလွဲက မေမေ့ကို ကြည့်သည်။ မေမေက မျက်လွှာချပြီး လက်ဖက်ရည်ကြမ်း သောက်နေ၏။

လွဲလွဲက အိမ်ပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။

လွဲလွဲ၏ စိတ်တွင်း၌ တစ်စုံတစ်ရာ မကျေမနပ် ဖြစ်နေသည်။ ဘာကို မကျေနပ်မှန်းလည်း မသိ။

လွဲလွဲသည် ပြတင်းဝတွင် ရပ်လျက် တစ်ဖက်ခြံဆီ ကြည့်သည်။

တစ်ဖက်ခြံ၌ လူရိပ်လူယောင် မတွေ့ရ။ သစ်ပင် ပန်းပင်များ အလယ်တွင် တစ်ထပ်တိုက်ပုလေးက ငြိမ်ငြိမ်လေး ဝပ်နေ၏။

မိမိတို့ခြံနှင့် တစ်ဖက်ခြံကြားတွင် သီးသန့် ခြံစည်းရိုး မရှိဘဲ ပုဏ္ဏရိက်တန်းလေး တစ်ခုကသာ ခြားထားကြောင်း လွဲလွဲ သတိပြုမိသည်။

ပုဏ္ဏရိက်တန်းလေးက တစ်ဆက်တည်း မဟုတ်။ နှစ်နေရာတွင် ပြတ်နေရာ ဟိုဘက်နှင့် သည်ဘက် အလွယ်တကူ ကူးနိုင်သည်။

ခြံတွင်း ဆင်းပြီး တစ်ဖက်ခြံသို့ ကူးကြည့်ချင်စိတ် လွဲလွဲ၌ ပေါ်လာသည်။ သို့ရာတွင် ခဏမှာပင် မသင့်တော်ကြောင်း စဉ်းစားမိသည်။

ဖေဖေက တစ်ဖက်ခြံ၏ အိမ်တွင် ညှော့သည် ရောက်နေနိုင်သည်ဟု ပြောခဲ့၏။ ညှော့သည်သည် ညက တယော ထတီးသူလော။ ဤသို့ဆိုလျှင် ယောက်ျားတစ်ဦး၊ ယောက်ျားတစ်ဦး ရှိသော ခြံတွင်းသို့ မိမိက အဘယ်သို့လျှင် သွားသင့်မည်နည်း။

လွဲလွဲက ပြတင်းဝမှ အနည်းငယ်ခွာ၍ ကိုယ်ကို နံရံနှင့် ကွယ်လျက် အတန်ကြာအောင် စောင့်ကြည့်နေသည်။

မည်သည့် လူရိပ်လူယောင်မျှ ပေါ်မလာ။

လွဲလွဲသည် စာရေးစားပွဲ၌ လာထိုင်၏။

မျက်စိများတွင်း၌ ကလေးများ၏ သဏ္ဌာန်များက မပျောက်။ အထူး

mgyoe.com

mgyoe.com SAMPLE BOOK


သဖြင့်စိန်ပန်းပွင့်ခက်လေးကိုင်ပြီးငိုင်ငေးကြည့်ကျန်ရှာသောကောင်ကလေး၏ သဏ္ဌာန်က မပျောက်။

သူလည်း မျက်နှာငယ်ပန်းကို ချစ်ရှာသူလေးပေလော။ ဪ... ခများ လေးကိုယ်၌က မျက်နှာငယ်အသွင်။ အဝတ်အစားလေး နွမ်းနွမ်းနှင့်။

စားပွဲပေါ်တွင် လွဲနှင်းရည်၏ ဝတ္ထုစာအုပ်လေးက ရှိနေသည်။ ညက မိမိ လက်ဦးတည့်ရာ လျှောက်ရေးထားသော စာရွက်ကလည်း ရှိနေ၏။

လွဲလွဲက ရေးထားမိသည်များကို ပြန်ဖတ်သည်။

မိမိက စာရေးတတ်သည်ကိုး။ ကဗျာကော စပ်တတ်သည်လော။

ဦးဟန်မြင့်ကတော့ မိမိ ကဗျာစပ်တတ်သည်ဟု ဆိုသည်။ ကဗျာကို ဘယ်လို စပ်ရသနည်း။ လွဲလွဲက ဖောင်တိန်လေးကို အဖုံးချွတ်ပြီး စာရွက်ပေါ် တွင် စာလုံးများ ရေးခြစ်ကြည့်မိပြန်သည်။

လွဲလွဲ... လွဲနှင်းရည်... မသိပါ။ စိန်ပန်း...

ရေးပြီးသည်များကို စိုက်ကြည့်နေခိုက် လွဲလွဲ၏ လျှာဖျားတွင် စကား လုံးလေးများ ပေါ်လာသည်။ ပေါ်လာသော စကားလုံးလေးများကို လွဲလွဲက ရေးချလိုက်၏။

**'မေတ္တာများနှင့် စိန်ပန်း မိုးအလှပန်းချီ'**

ညက တေးမှ မှတ်မိလိုက်သော စာသားအချို့။

ဤသည်က ကဗျာလော။ သီချင်းဟူသည်က ကဗျာလော။ မိမိ ကဗျာ စပ်တတ်လျှင် စိန်ပန်းအကြောင်း ဘယ်လို စပ်မည်နည်း။

ဪ... စိန်ပန်းပွင့်ခက်လေးကို ကိုင်ကာ ငိုင်ကျန်ရစ်သူ ဟိုကလေး သည်လည်း ကဗျာစပ်တတ်လျှင် စိန်ပန်းအကြောင်း ဘယ်လို စပ်မည်နည်း။

ညက တေးကမူ စိန်ပန်းအကြောင်း တော်တော် ပြောပြသွားသည်။ မမွေး မသင်းသည့် မျက်နှာငယ်ဘဝ။ မိုးထန်ထန် လေထန်ထန်က အနေင်းခံ ဘဝ။ ပြီးတော့ မေတ္တာနှင့် သစ္စာ။

အို... ဘာဆိုင်၍နည်း။ မေတ္တာ၊ သစ္စာ ဆိုတာတွေနှင့် စိန်ပန်းက ဘာဆိုင်၍နည်း။ စိန်ပန်း ဆိုသည်က နာမည်တစ်ခု။ ဟိုး... ဇင်းကျိုက် ဆိုသည့် တောင်ကြီးလိုနာမည်တစ်ခု။လွဲလွဲဟူသည်ကဲ့သို့နာမည်တစ်ခု။သူကဘာတွေကို

mgyoe.com

သိမည်နည်း။ မသိသော အရာက သူ့ဘဝကို သူ ဘယ်လို ပြန်ပြောမည်နည်း။ ဘဝဆိုသည်မှာက အတိတ်တွေ ရှိရမည်။ အနည်းဆုံး ဝတ္ထုတွင်းက မျိုးလို အတိတ်တွေ ရှိရမည်။ အတိတ်တွေ ရှိလျှင်တော့ ပြောပြစရာ ရှိမည်။

လွဲနှင်းရည်ကတော့ ပြောပြသည်။ သည်လိုဆိုတော့ လွဲနှင်းရည်မှာ အတိတ်တွေ ရှိသည်။

လွဲလွဲ၏ ကိုယ်မှာ တောင့်တင်းသွားသည်။ အမျိုးအမည် မသိသော စိုးရိမ်ကြောက်လန့်မှု တစ်ခုက ရင်မှာ လွှမ်းခြုံလာသည်။

လွဲနှင်းရည်၏ အတိတ်။ မျိုး၏ အတိတ်။ မိမိ၏... ။

လွဲလွဲသည် နေရာမှ ထလိုက်၏။ ရည်ရွယ်ချက် မရှိဘဲနှင့် ပြတင်းဝနား သွားရပ်သည်။

စိန်ပန်းပင်ကြီးကို ငေးကြည့်နေမိခိုက် တစ်ဖက်ခြံတွင်းသို့ အနီရောင် မော်တော်ကား ခုံးခုံးလုံးလုံးလေး တစ်စီး ဝင်လာသည်ကို တွေ့ရ၏။

ကားလေးက တိုက်ပုလေး၏ ဆင်ဝင်အောက်တွင် ဆိုက်သည်။

ကားရှေ့ခန်းမှ ဆင်းလာသူကို တွေ့ရသော လွဲလွဲ၏ နှုတ်ဖျားမှ စကား တစ်လုံး ထွက်လာသည်။

"ကိုစိန်ပန်း..."

ဟုတ်သည်။ မှတ်မိသည်။

ကားပေါ်မှဆင်းပြီးအိမ်တွင်းဝင်သွားသူက အခြားမဟုတ်။ ကိုစိန်ပန်းမှ ကိုစိန်ပန်း။

♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၅ )

ယနေ့ ညနေ၌လည်း မနေ့က ညနေတုန်းကကဲ့သို့ပင် လဲ့လဲ့က စိန်ပန်းပင်တန်း အောက်မှ လျှောက်သည်။ မနေ့ ညနေတုန်းကကဲ့သို့ပင် ခြွေခနေသော စိန်ပန်းပွင့် ခက် တစ်ခက်ကို ကောက်ယူလာခဲ့သည်။

ကောလိပ် အဆောက်အအုံကြီးရှေ့၌ မိမိ၏ ကားစိမ်းလေးအပြင် အခြားကားတစ်စီးက ရပ်ထားသည်။ သည်ကားအရောင်က အနီ။ သဏ္ဌာန်က ခုံးခုံး လုံးလုံး။

လဲ့လဲ့၏ မျက်လုံးများက တံတားဖြူလေးဆီ ရောက်သွားသည်၏ ခဏ၌ လှမ်းနေသည့် ခြေလှမ်းများမှာ တုံ့ခနဲ ဖြစ်သွား၏။

ကိုစိန်ပန်းဟု ခေါ်သော လူတစ်ယောက်က တံတားဖြူလေးတွင် ရောက်နှင့်နေပြီ။

လဲ့လဲ့က တွေတွေလေးခေတ္တငြိမ်နေပြီးမှ မိမိ၏ ကားဆီ ကြည့်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကားရှေ့ခန်းတွင် ဦးဟန်မြင့်က မိမိဆီ မကြည့်ဘဲ စာအုပ်တစ်အုပ်ကို ဖတ်နေ၏။ ခေတ္တ ချီတုံချတုံ ဖြစ်နေပြီးမှ လဲ့လဲ့သည် ရင်လေး မခုန်တခုန်ဖြင့် တံတားဖြူလေးဆီ ဆက်လျှောက်လာခဲ့၏။

သူက မိမိဘက် ခပ်စောင်းစောင်း ကျောပေးလျက် စီးကရက်တစ်လိပ် ခဲရင်း တောင်တန်းကြီး ရှိရာဘက်သို့ ငေးကြည့်နေ၏။

လဲ့လဲ့က သူနှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သောအခါ သူက ဖြည်းညင်းစွာ လှည့်ကြည့်၏။ သူ့အသားက ဖြူဝင်း၏။ တည်ရာမှ ပြုံးလိုက်ပုံကလည်း လက်ဝင်းသည်။

"ကျွန်တော် ခင်ဗျားကို မျှော်နေတယ်"

"ရှင်..."

"ဒါပေမဲ့ ခင်ဗျား လာမှ လာပါ့မလားလို့"

လဲ့လဲ့က သူ့မျက်နှာကို ကြည့်သည်။ သူ့မျက်နှာက ပြုံးနေသည့်ကြား က အေးချမ်းတည်ငြိမ်သည်ဟု လဲ့လဲ့ ထင်သည်။

"ဒီနေရာကို ကျွန်မ လာဦးမယ်လို့ ရှင် ထင်တယ်ပေါ့"

"အစကတော့ မထင်ပါဘူးလေ၊ ဒါပေမဲ့ ဒီနေရာရောက်တော့ ခင်ဗျား ကို ကျွန်တော် သတိရတယ်၊ ပြီးတော့..."

သူက ခေတ္တဆိုင်းလိုက်၏။

"ပြီးတော့ ခုနက ကျွန်တော် ပြောသလိုပဲ၊ ခင်ဗျားကို မျှော်နေမိတယ်"

လဲ့လဲ့က သူ့မျက်နှာမှ မျက်လုံးများကို လွှဲလိုက်ပြီး တံတားလက်တန်း ကို မှီလျက် ရပ်လိုက်၏။

"ရှင်က မနေ့တုန်းကလို ကျွန်မ ဒီလာ တိတ်တိတ်လေး ခိုးငိုနေတာကို တွေ့ချင်သေးလို့လား"

"မတွေ့ချင်ပါဘူး၊ ခင်ဗျားကို ကျွန်တော် မငိုစေချင်ဘူး၊ ခင်ဗျားမှ မဟုတ် ဘူး၊ ဘယ်သူ့ကိုမှ ကျွန်တော် မငိုစေချင်ပါဘူး"

"ရှင်တစ်ယောက်က လွဲလို့ပေါ့"

"ခင်ဗျာ..."

"ရှင့်ဘာသာတော့ ရှင် ငိုချင်တယ်၊ မနေ့တုန်းက ရှင် ပြောခဲ့တာလေ"

mgyoe.com

m.gyoe.com SAMPLE BOOK


သူက ပြုံး၏။

"ခင်ဗျား မှတ်မိသားပဲ၊ ဟုတ်တယ်၊ ကျွန်တော့်မှာ ငိုချင်မိတဲ့ အချိန်တွေ ရှိခဲ့ပါတယ်၊ ကိုယ် ငိုချင်ဖူးလို့ လူတွေကို မငိုစေချင်ဘူး၊ ငိုချင်တာနဲ့ မငိုစေချင်တာဟာ ခြားနားပါတယ်"

"ထားပါလေ၊ ရှင်ကကော ဘာလို့ ငိုချင်ရတာလဲ"

"ခင်ဗျား ဒီမေးခွန်း မေးတာ နှစ်ခါ ရှိပြီ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် ဖြေပါ့မယ်၊ အတိတ် ဆိုတာတွေကို ကျွန်တော်က မေ့ဖျောက်ချင်တယ်၊ ဒါပေမဲ့ မေ့ဖျောက်လို့က မရဘူး၊ အတိတ်တစ္ဆေ ခြောက်တဲ့အခါမျိုးမှာ ကျွန်တော် ငိုချင်မိတယ်၊ ဒါပါပဲ"

"ရှင်က အတိတ် ဆိုတာကို ဘာလို့ မေ့ဖျောက်ချင်ရတာလဲ"

"အတိတ်ဆိုတာ မရှိတဲ့ တရားပဲ၊ မရှိတော့တာကို အရှိလို့ စွဲမှတ်ထားရတာဟာ မနေ့က ကျွန်တော် ပြောခဲ့သလိုပဲ၊ ဒုက္ခပေါ့"

"အတိတ်ဆိုတာ မရှိတဲ့ တရား"

"ဟုတ်တယ်၊ အတိတ်ဆိုတာ ဘယ်မှာ ရှိသလဲ၊ အတိတ်ရှိတဲ့ နေရာကို ခင်ဗျား ပြနိုင်သလား၊ အဲ... တစ်နေရာမှာတော့ ရှိလေရဲ့၊ အဲဒါကတော့ စိတ်ထဲမှာပါ၊ စိတ်ထဲက အတိတ်ဆိုတာက မှတ်ထားရတာတွေပါ၊ အစစ်အမှန်တရားတွေ မဟုတ်ပါဘူး"

လွဲ့လွဲ့က ပြုံး၏။

"ခင်ဗျား ဘာပြုံးတာလဲ"

"ရှင့်ဘဝနဲ့ ကျွန်မဘဝ လဲချင်တယ်"

"ခင်ဗျာ..."

"ကျွန်မက ကျွန်မရဲ့ အတိတ်တွေကို သိပ်သိချင်တယ်"

"ဘာလို့ ခင်ဗျားက အတိတ်တွေကို သိချင်ရတာလဲ"

"အတိတ်ကို မသိဘဲနဲ့ ဘဝကို ဘယ်လိုလုပ် နားလည်ရမလဲ"

သူက လွဲ့လွဲ့ကို တစ်ချက် စိုက်ကြည့်၏။

"ရှင် ကျွန်မ ပြောတာကို နားလည်ရဲ့လား"

"နားလည်ပါတယ်၊ ခင်ဗျား ပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊

m.gyoe.com

mgyoe.com SAMPLE BOOK

အတိတ်ကို သိရမယ်၊ ဒါပေမဲ့ အတိတ်ကို အတိတ်အဖြစ်ပဲ သိရမယ်၊ ဒီထက်ပိုလို့ မကောင်းဘူး”

“ရှင်... ဘယ်လို၊ အတိတ်ကို အတိတ်အဖြစ်ပဲ သိရမယ်၊ အဲဒါ ဘာပြောတာလဲ”

“အတိတ်ဆိုတာဟာ မရှိတော့တဲ့ တရား၊ ပျက်သွားတဲ့ တရား၊ ကုန်သွားတဲ့ တရား၊ ကင်းသွားတဲ့ တရား၊ ချုပ်သွားတဲ့ တရား၊ အဲဒီလိုပဲ သိရမယ်၊ အင်းလေ... အဲဒီလိုပဲ သိနိုင်ရင် ကောင်းမယ်”

“ရှင်က အဲဒီလို သိတယ်ပေါ့”

သူက ခေါင်းခါ၏။

“ကျွန်တော် အဲဒီလို မသိသေးပါဘူး၊ ဒါကြောင့် အဲဒီလိုပဲ သိနိုင်ရင် ကောင်းမယ်လို့ ကျွန်တော် ပြောတာ”

လဲ့လဲ့က သူ့ကို တစ်ချက် စူးစမ်းစိတ်ဖြင့် ကြည့်မိ၏။

“ဪ... ဒါထက် ရှင့်နာမည် ကိုစိန်ပန်းနော်”

“ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ”

“ရှင်ဟာ ကျွန်မရဲ့ အိမ်နီးပါးချင်း ဖြစ်နေတယ်ဆိုတာကိုကော သိရဲ့လား”

“ခင်ဗျာ...”

“ရှင် အခုနေတဲ့ အိမ်က ဟိုသင်း... ကျွန်မတို့အိမ်နဲ့ ခြံချင်းကပ်လျက်...”

သူ့မျက်နှာတွင် အံ့ဩဟန် ပေါ်လာ၏။

“အို... ဒါဖြင့် ခင်ဗျား ဟို... ဦး... ဦးထင်ကျော်ရဲ့ သမီးပေါ့၊ ဟုတ်လား”

လဲ့လဲ့က ခေတ္တစဉ်းစား၏။ ဦးထင်ကျော်... ဟုတ်သည်။ ဖေဖေ့ နာမည်၊ မေမေ့နာမည်က ဒေါ်တင်လှိုင်။ မှတ်ထားရသည်များ။

“ရှင် ဖေဖေ့ကို သိတယ်ပေါ့”

“မနက်ကမှ သိတာပါ၊ ကျွန်တော် တည်းတဲ့ အိမ်ဘက်ကို ကူးလာတာနဲ့ စကား နည်းနည်းပါးပါး ပြောခဲ့ရပါတယ်၊ အင်းလေ... ခင်ဗျားဟာ ကျွန်တော့် အိမ်နီးပါးချင်း ဆိုတာ သိရလို့ ကျွန်တော် ဝမ်းသာပါတယ်”

လဲ့လဲ့က တစ်စုံတစ်ရာ မေးသင့်၊ မမေးသင့် စဉ်းစားနေသည်။ အတန်ကြာမှ မရဲတရဲလေး မေး၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ရှင် တယော ထိုးတတ်သလား"

"ခင်ဗျာ..."

"ညက ရှင်တို့ခြံဘက်က တယောထိုးသံကြားတယ်၊ စိန်ပန်း အကြောင်းလေ၊ သီချင်းက စိန်ပန်းအကြောင်း"

"တယောထိုးသံ၊ သီချင်းက စိန်ပန်းအကြောင်း"

"ဟုတ်တယ်၊ အဲဒါ ရှင်... ရှင်လား"

"ကျွန်တော် တယော မထိုးတတ်ပါဘူး၊ ပြီးတော့ စိန်ပန်းအကြောင်း သီချင်း ရှိသလား"

"ညက ကျွန်မ ကြားတယ်"

"အဲဒီလိုဆို ကျွန်တော်လည်း ကြားချင်လိုက်တာ၊ စိန်ပန်းအကြောင်း ဘာစပ်ထားသလဲ"

လဲ့လဲ့မှာ စိတ်ပျက်သယောင် ဖြစ်သွား၏။

"ဒါဖြင့် တယောထိုးတာ ရှင် မဟုတ်ဘူးပေ့ါ"

"ကျွန်တော် ပြောပါရောလား၊ ကျွန်တော် တယောမထိုးတတ်ဘူးလို့"

"တခြား တစ်ယောက်ယောက်ကော မထိုးဘူးလား"

"တခြား တစ်ယောက်ယောက် ဆိုလို့ အိမ်မှာ ကျွန်တော့်ကို ထမင်းချက်ကျွေးနေတဲ့ ဦးဘစွမ်း ဆိုတာပဲ ရှိတယ်၊ ဦးဘစွမ်းက ချက်တဲ့ပြုတ်တဲ့ နေရာမှာပဲ စွမ်းတယ်၊ ဂီတမှာတော့ လေတောင် ချွန်တတ်မှာ မဟုတ်ဘူး၊ အသက်လည်း ငါးဆယ်ကျော်ပြီ"

"အိမ်မှာ ဒါဖြင့် ရှင်တို့ နှစ်ယောက်တည်းပေ့ါ"

"အိမ်ရှင် ကျွန်တော့်မိတ်ဆွေ လင်မယားက ရန်ကုန် သွားနေတယ်၊ ဦးဘစွမ်း ဆိုတာက သူတို့ ထားခဲ့တဲ့ လူ၊ ဟုတ်တယ်၊ အခုတော့ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ"

"ကလေးတွေကော"

"ခင်ဗျာ..."

"ကောင်မလေး လှလှလေး တစ်ယောက်၊ ဂါဝန် အဝါလေးနဲ့၊ နောက်

mgyoe.com

mgyoe.com

သားသားနားနား ကောင်လေး တစ်ကောင်၊ ပြီးတော့ ပေါက်ပြားလေးနဲ့ တခြား ကောင်လေးတစ်ကောင်၊ သူကတော့ ခပ်နွမ်းနွမ်းလေး"

"သူတို့ကို ခင်ဗျား ဘယ်မှာ တွေ့တာလဲ"

"ရှင်တို့ ခြံထဲမှာ၊ နေဦး... မနက် ရှစ်နာရီလောက်က"

"မနက် ရှစ်နာရီလောက်က"

"ဟုတ်တယ်၊ ကောင်မလေးက ရှင်တို့ တိုက်လေးထဲက ထွက်လာတာ"

"ဘုရားရေ... ကောင်မလေးက ကျွန်တော်တို့ တိုက်ထဲက ထွက်လာ တယ်"

"ဟုတ်တယ်၊ စက်ဘီးလေး ထုတ်ယူလာတယ်"

"ဟောဗျာ... စက်ဘီးလေးတောင် ထုတ်ယူလာတယ်"

"ရှင်က ဘာတွေ အံ့သြနေတာလဲ"

"ခင်ဗျား ပြောတာကိုပေါ့၊ မနက် ရှစ်နာရီအထိ ညှော်ခန်းမှာ ကျွန်တော် သတင်းစာ ထိုင်ဖတ်နေတာ၊ အိမ်ထဲ ဝင်တဲ့ ခေါက်တံခါးကလည်း ပိတ်ထားတယ်၊ ဦးဘစွမ်းလည်း ဈေးသွားနေတယ်"

"ရှင် တကယ်ပြောတာလား"

"ခင်ဗျား ဘာဆိုလိုပါသလဲ"

"ဟိုသင်းလေ... ကလေးလေးတွေ ရှင်တို့အိမ် လာမလည်ဘူးလား"

"ကျွန်တော့်ဆီ ဘယ်ကလေးတွေက ဘာလို့ လာလည်ရမှာလဲ"

လှဲ့လှဲ့သည် မျက်မှောင်ကြုတ်မိ၏။ ခေါင်းတွင်း၌လည်း မှုးနောက်ချင် သယောင် ဖြစ်မိ၏။

"ဒါထက် ခင်ဗျား တကယ် မြင်တယ်ပေါ့"

လှဲ့လှဲ့က သူ့ကို ဆတ်ခနဲ ကြည့်၏။

"ရှင် မေးသလိုပဲ ပြန်မေးရဝယ်၊ အဲဒါ ဘာဆိုလိုပါသလဲ"

"မလှဲ့လှဲ့... ခင်ဗျား ကျွန်တော့်ကို စိတ်ဆိုးသွားသလား"

သူ့မျက်နှာက တည်ကြည်မြဲ တည်ကြည်သည်။ သူ့အသံ၌မူ ဝမ်းနည်း ဟန်ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK


လွဲ့လွဲ့က မဖြေ။ စောစောက မိမိ၏အသံမှာ အနည်းငယ် မာသွားသည်ကို လွဲ့လွဲ့ သတိပြုမိ၏။

“ခင်ဗျား မဖြေဘူး၊ ထားပါလေ၊ ကျွန်တော့် မေးခွန်းဟာ ခင်ဗျားကို စော်ကားသလို ဖြစ်သွားရင် ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် တစ်ခု မေးမယ်၊ မြင်တာတွေ မှန်တယ်၊ ဒါပေမဲ့ မှန်တာ မြင်ရဲ့လား၊ ဒီစကားကို မလွဲ့လွဲ့ ကြားဖူးသလား”

လွဲ့လွဲ့က ခေါင်းခါပြ၏။ ခင်ဗျားလုံး မရိုက်တော့ဘဲ မလွဲ့လွဲ့ဟု သူ ပြောင်းလဲသုံးပုံကို သတိပြုမိ၏။ သူ့အသံကလည်း ချိုသာသည်။

“အဲဒီစကားကို ပညာကြီးတော်မူတဲ့ ပုဂ္ဂိုလ်ကြီးများက သတိပေးစကားအဖြစ်နဲ့ သုံးတော်မူလေ့ရှိကြတယ်၊ မြင်တာတွေ မှန်တယ်၊ ဒါပေမဲ့ မှန်တာ မြင်ရဲ့လား၊ အဓိပ္ပာယ် နက်နဲလွန်းတာမို့ ကျွန်တော် မှတ်ထားတယ်၊ ကျွန်တော်တို့ ပုထုဇဉ်တွေဟာ အာရုံခြောက်ပါးကို တော်တော်လေး အားကိုးယုံကြည်တတ်ကြတယ်၊ ဒါပေမဲ့ အာရုံခြောက်ပါးဟာ လှည့်စားတတ်ပါတယ်၊ အထူးသဖြင့် မနောအကြည်မှာ ပေါ်လာတဲ့ အာရုံမျိုးဟာ ပိုလှည့်စားတတ်တယ်၊ ဥပမာ... စောစောက ကျွန်တော် ပြောခဲ့တဲ့ အတိတ် ဆိုပါတော့”

သူက ပြုံး၏။ သည်အပြုံးကတော့ တစ်စုံတစ်ရာကို နာကြည်းသော အပြုံး။

သူ ဆက်ပြော၏။ လွဲ့လွဲ့ကို ပြောသည်ထက် သူ့ဘာသာသူ ပြောနေဟန် ပေါ်သည်။

“အတိတ်ဆိုတာ ဘယ်မှာ ရှိသလဲ၊ ရင်ထဲမှာ ရှိတယ်၊ အဲဒါကလည်း တင်စားပြောရတာပါ၊ စိတ်ထဲမှာ ရှိတာပါ၊ ဒီစကားဟာတောင် မမှန်ပါဘူး၊ အကြောင်းဆုံလို့ ပေါ်လာတာပါ၊ ကောင်းကင်မှာ လက်ခနဲ ပေါ်လာတဲ့ လျှပ်စစ်ဟာ ဘယ်မှာ ရှိသလဲ၊ မပေါ်ခင်မှာလည်း မရှိဘူး၊ ပေါ်ပြီးတော့လည်း မရှိဘူး၊ အကြောင်းဆုံခိုက် ပေါ်လာတယ်၊ အတိတ် ဆိုတာဟာလည်း ဒီလိုပါပဲ၊ ဒါပေမဲ့ ကျွန်တော်တို့က ရှိတယ် ဆိုပြီး ဖက်တွယ်ထားမိကြတယ်”

သူက ခပ်လှမ်းလှမ်းဆီ ညွှန်ပြသဖြင့် လွဲ့လွဲ့က လိုက်ကြည့်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကောလိပ် အဆောက်အအုံကြီး၏ အခြေ၌ မြက်စိမ်းလေးများ လွှမ်းသော ကုန်းမြင့်လေး ရှိသည်။ ကုန်းမြင့်လေး၏ အောက်၌ စိမ်းမှောင်သော ကံ့ကော်ပင်ပျိုတောလေး ရှိ၏။

"အဲဒီ ကံ့ကော်တောလေးမှာ မလှဲ့လှဲ့ ဘာမြင်သလဲ၊ မလှဲ့လှဲ့က ဘာမှ မမြင်ဘူးလို့ ပြောမယ်၊ ကျွန်တော်ကတော့ မြင်နေတယ်လေ၊ မျက်လုံးနဲ့တော့ မဟုတ်ဘူး၊ စိတ်ထဲမှာ မြင်နေတယ်၊ သူ့အသားလေးက ဝါတယ်၊ ထဘီဝါဝါလေး ကိုပဲ သူ ဝတ်တတ်တယ်၊ အင်္ကျီလေးကတော့ အဖြူပါ၊ ဒါပေမဲ့ အသားလေး ကလည်း ဝါဝါ၊ ထဘီလေးကလည်း ဝါဝါ ဆိုတော့ အင်္ကျီလေးပါ ဝါနေတယ်၊ အဖြူသွေး ပါပေမယ့် ရွှေဝါရောင်လွှမ်းတဲ့ ကံ့ကော်ပွင့်လေးလိုပါ၊ ဒါဟာ မြင်တာ မဟုတ်ဘူး၊ မြင်ယောင်တာပါလို့ ပြောမယ်၊ ဟုတ်ကဲ့၊ ဒါပေမဲ့ ခံစားမှုက ရှိနေတယ်၊ ဘာကြောင့် ခံစားရသလဲ၊ ရှိတယ်လို့ ဖက်တွယ်ထားမိလို့ပေါ့"

တိမ်မှပြန်ဟပ်သော နေရောင်ကြောင့် ညနေမှာ ရွှေရည်ဝင်းနေသည်။ သူ့စကားကို နားထောင်နေစဉ် ရွှေရည်ဝင်းသော သဏ္ဌာန်လေး တစ်ခုကိုလည်း ကံ့ကောတော အလယ်တွင် လှဲ့လှဲ့ မြင်ယောင်မိသည်။ တစ်ယောက်လည်း ပါသေးသည်။ သူက ဘယ်သူနည်း။

ဩော်… မောင်၊ မျိုးနှင့် သူ့မောင်။

လှဲ့လှဲ့က အတွေးကို ရပ်ပစ်လိုက်ပြီး မေး၏။

"ရှင်က အဲဒါတွေ ဘာလို့ ကျွန်မကို ပြောပြနေတာလဲ"

"မြင်လို့ ခံစားရတယ်၊ ဒီလိုပဲ တစ်ခါတလေ ခံစားရလို့ မြင်တယ်၊ သို့မဟုတ် မြင်တယ်လို့ ထင်တယ်၊ ကျွန်တော် ဒါကို ပြောချင်လို့ပါ"

"ရှင် ဆိုလိုတာက မနက်က ကျွန်မ မြင်ခဲ့တာတွေဟာ မြင်တာ မဟုတ်ဘူး၊ ဒီလို မဟုတ်လား"

"ကျွန်တော် ဒီလိုတော့လည်း မပြောဝံ့ဘူး"

"မပြောဝံ့ဘူး၊ မပြောဘူးလို့တော့ ရှင် မဆိုဘူးနော်"

သူက တစ်ချက် ရယ်၏။

"ရှင် ဘာရယ်တာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သြော်...မလဲ့လဲ့က စကားသုံး ခွဲခြားပြနေလို့ပါ၊ အင်း...စာရေးဆရာမ ပီသပါတယ်"

"ရှင် ဘာပြောလိုက်တယ်"

"သြော်... စာရေးဆရာမ ပီသတယ်လို့"

"ရှင်... ရှင်က ကျွန်မကို စာရေးဆရာမလို့ ဆိုသလား"

"လဲ့လဲ့ဟာ ဒေါက်တာဒေါ်လဲ့လဲ့၊ ဒေါက်တာ ဒေါ်လဲ့လဲ့ဟာ လဲ့နှင်းရည် ဆိုရင် မလဲ့လဲ့ဟာ စာရေးဆရာမပါ"

လဲ့လဲ့၏ရင်မှာခုန်လာသည်။ လူမှာလည်း မသိမသာလေးတုန်လာ၏။

"ကျွန်မ အဲဒါတွေ တစ်ခု... တစ်ခုမှ မသိ... မသိဘူး"

"မလဲ့လဲ့ ဒီစကား ပြောတာ နှစ်ခါ ရှိပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါ၊ တစ်ခု ကျွန်တော် မေးပါရစေ"

လဲ့လဲ့က သူ့ကို ကြည့်သည်။ သူကလည်း လဲ့လဲ့ကို ကြည့်နေ၏။

"ရှင် ဘာမေးမလို့လဲ"

"မလဲ့လဲ့ ဘာဖြစ်ခဲ့သလဲ"

သူ့မေးခွန်းက တိုသည်။ မေးဟန်က ပြတ်သည်။ သူ့အမေး စကားသည် လဲ့လဲ့၏ ရင်တွင်းသို့ တိုက်ရိုက်လာသကဲ့သို့ ရှိသည်။

လဲ့လဲ့က သူ့ကို ကြည့်မြဲ ကြည့်နေ၏။ သူ့မျက်လုံးများကို မြင်နေရသည်။ သည်မျက်လုံးများက အလွန်ကြည်လင်သည်။ ငြိမ်သက်ခြင်းလည်း ရှိသည်။ မိမိတစ်ကိုယ်လုံးကို သိမ်းဆွဲထားသည်ဟုလည်း ခံစားရ၏။

လဲ့လဲ့က မျက်လွှာချလိုက်ပြီး ဖြည်းညင်းစွာ ဖြေ၏။

"ကျွန်မ ခေါင်းမှာ ဒဏ်ရာရခဲ့တယ်"

"သြော်..."

"မတော်တဆ လဲကျခဲ့တယ်လို့ ဖေဖေက ပြောတယ်၊ ကျွန်မ မသိဘူး၊ ကျွန်မ သိတာက..." လဲ့လဲ့သည် ဆိုင်းသွား၏။

"ပြောပါ၊ မလဲ့လဲ့ ဘာသိသလဲ"

"ကျွန်မသိတာက ကျွန်မဆေးရုံပေါ်မှာရောက်နေတာပဲ၊ ကျွန်မအတွက်တော့ အဲဒါဟာ ကျွန်မရဲ့ ဘဝအစပဲ"

mgyoe.com

သူ့ထံမှ ဘာစကားသံမှ မလာ။ အတန်ကြာ၍ လဲ့လဲ့ မော့ကြည့်လိုက်သောအခါ သူက မိမိကို စိုက်ကြည့်မြဲ ကြည့်နေကြောင်း တွေ့ရသည်။

သူ့မျက်လုံးများက စောစောတုန်းကနှင့် မတူတော့။ ယခုအကြိမ်တွင်မူ နူးညံ့ပျော့ပျောင်းနေသည်။ စာနာထောက်ထားခြင်း သဘောတွေကို ဖော်ပြနေသည်ဟုလည်း လဲ့လဲ့ ထင်သည်။

နောက်ဆုံး၌ သူက တိုးတိုး ဆို၏။

"ကျွန်တော် စိတ်မကောင်းပါဘူး"

လဲ့လဲ့က သူ့ကို စိုက်ကြည့်မြဲ ကြည့်နေသောအခါ သူက ထပ်ဆို၏။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ မလဲ့လဲ့ရဲ့ အဖြစ်ကို ကျွန်တော် ကိုယ်ချင်းစာ နားလည်ပါပြီ၊ ဩော်... နေဝင်တော့မယ်၊ ကျွန်တော်တို့ ပြန်ကြရအောင်"

သူ ပြောဟန်က သက်သာသည်။ ရင်းနှီးသူတို့သာ ပြောသော စကားမျိုးဟုလည်း လဲ့လဲ့ ထင်သည်။

သို့ရာတွင် နေက အမှန်ဝင်တော့မည် ဖြစ်သဖြင့် လဲ့လဲ့မှာ ဘာမျှ မပြောသာ။ ဩော်... ဘာများကော ပြောစရာ ရှိသနည်း။

သူနှင့်တွဲပြီးကားများဆီသို့လဲ့လဲ့ကဆိတ်ဆိတ်ငြိမ်ငြိမ်လေးလျှောက်လိုက်လာခဲ့၏။

လဲ့လဲ့၏ ကားနောက်ခန်း တံခါးကို သူက ဖွင့်ပေး၏။

ကားစထွက်သောအခါတွင်လဲ့လဲ့ကနှုတ်ဆက်စကားပြောရန်ကြိုးစားသည်။ ပြော၍က မရ။

"သွားမယ်"

သည်စကားလုံးလေးကရင်ထဲတွင်တော့ပေါ်လာသည်။အပြစ်ကင်း၍ရိုးလှသော သည်စကားလုံး လွယ်လွယ်လေးကို နှုတ်ကမူ ပြော၍ မရ။

ရင်ထဲတွင်တော့ ဝမ်းနည်းသည်။ ဘာဝမ်းနည်းမှန်းလည်း မသိ။

❑

mgyoe.com

mgyoe.com
SAMPLE BOOK


အိမ်အပေါ်ထပ် မိမိ၏ အခန်းဆီ ပြန်ရောက်သောအခါ အလင်းရောင် အားနည်းနေပြီ ဖြစ်သဖြင့် လှဲ့လှဲ့က မီးချောင်းကို ဖွင့်လိုက်သည်။

ကိုယ်လုံးပေါ်မှန်၌ တွေ့ရသော မိမိသဏ္ဍာန်ကို လှဲ့လှဲ့က အံ့အားသင့်လျက် ငေးကြည့်သည်။

မိမိက အင်္ကျီအဖြူနှင့် ထဘီဝါလေးကို ဝတ်ထားသည်။ မိမိအသားကလည်း ဝါဝင်းသည်။ သည်တော့ တစ်ကိုယ်လုံး ဝါဝင်းသည်။

လှဲ့လှဲ့၏ ဦးနှောက်တွင်း တစ်နေရာမှ တစီစီ အော်မြည်လာသည်။ သည်ကြားထဲက ကံ့ကော်တောကိုလည်း မြင်ယောင်နေသေးသည်။

"မောင်..."

သည်အသံကိုလည်း ကြားသည်။ ဘယ်က လာသော အသံနည်း။ ဘယ်သူ့အသံနည်း။

ဒယီးဒယိုင်နှင့် လှဲ့လှဲ့က ပြတင်းဝဆီ ကပ်လာပြီး လေကို ရှူသည်။

အပြင်ဘက်တွင် မှောင်ရိပ်ပျိုးစ ရှိနေသော်လည်း အလင်းရောင် လုံးဝမပျောက်သေး။

တစ်ဖက်ခြံတွင်းရှိ စိန်ပန်းပင်ကြီးက ညို့ညို့နီနေ၏။

မှောင်ရိပ်ပျိုးချိန်က ဆိတ်သုဉ်းသည်။ ထီးထီးမားမားနှင့် ညို့ညို့နီသောစိန်ပန်းပင်ကြီးမှာလည်း ဆိတ်သုဉ်းသည်။

မိမိရင်တွင်းမှာလည်း ဆိတ်သုဉ်းလှသည်။

လှဲ့လှဲ့က ပြတင်းမှ ခွာပြီး အိပ်ရာထက်တွင် ခွေခွေလေး လှဲသည်။

ပြီးတော့ တတ်နိုင်သည့် တစ်ခုကိုသာ ပြု၏။

လှဲ့လှဲ့ ငိုသတည်း။

♦

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၆ )

လှဲ့လှဲ့က ဖတ်နေသော စာအုပ်ကို ချလိုက်ပြီး မျက်စိပိတ်၍ စဉ်းစားသည်။

ဘာသာစကား။ စကားပြေတွေကိုလည်း ဘာသာစကားနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကဗျာတွေကိုလည်း ဘာသာစကားတွေနှင့်ပင် တည်ဆောက်ထားသည်။

သို့ရာတွင် စကားပြေတစ်ခုကို ဘာသာတစ်ခုမှ အခြားဘာသာ တစ်ခုသို့ အဓိပ္ပာယ် ပြည့်ဝစွာ ပြန်ဆို၍ ရသည်။

ကဗျာကိုတော့ ယင်းသို့ ပြန်ဆိုရန် မလွယ်။ ကဗျာကို ဘာသာမပြန်နိုင်ဟု ဆိုသူက ဆိုကြသည်။ ဘာသာမပြန်နိုင်ခြင်း ဟူသော သဘောကို ထောက်ပြကာ စကားပြေနှင့် ကဗျာမှ ဘာသာစကားတို့ ခြားနားစွာ အလုပ်လုပ်ပုံကို ဆွေးနွေးကြသည်။

စကားပြေမှ ဘာသာစကားနှင့် ကဗျာမှ ဘာသာစကားတို့ မတူဘူးလော။ ကဗျာမှာ ဘာသာစကားအပြင် အခြားထူးခြားမှု ရှိနေသေးသလော။

mgyoe.com

mgyoe.com SAMPLE BOOK


ရှိနေသေးလျှင်လည်း ဘာသာစကားမှလွဲ၍ အခြား ဘယ်ဆီက လာသနည်း။ လာသနည်း။

လွဲလွဲသည် စိတ်ပျက်ပြုံးလေး ပြုံးလိုက်ပြီး စာအုပ်မျက်နှာဖုံးကို ကြည့်သည်။

ဒေးဗစ်လော့(ချ်) ရေးသားသည့် ဝတ္ထုများမှ ဘာသာစကား ဟူသော ကျမ်း တစ်ခု ဖြစ်သည်။

စီရိုထဲတွင် သည်လိုကျမ်းမျိုး တော်တော်များများ ရှိနေသည်။ ဒေါက်တာ လွဲလွဲ၏ ကျမ်းတွေဟု သူတို့က ပြောသည်။

ဒေါက်တာလွဲလွဲကတော့ သည်ကျမ်းတွေကို နားလည်ပေမည်။ ဪ... နားလည်ရမည်ပေါ့။ မိမိကတော့ အင်း... ဖတ်၍ ရသည်။ ဖတ်၍ ရခြင်းသည် နားလည်ခြင်းလော။

လွဲလွဲက တစ်ယောက်တည်း ခေါင်းခါသည်။

မိမိ ဖတ်၍တော့ ရသည်။ နားလည်လှသည်တော့ မဟုတ်။ နားမလည် လှသည့်အပြင် ခေါင်းကိုက်ချင်သည်။ ဒေါက်တာလွဲလွဲကတော့ ခေါင်းမကိုက် ဘူးလော။

စဉ်းစားနေသော လွဲလွဲ၏ နားတွင် ပျော်ရွှင်ဆူညံ အော်ဟစ်သံများကို ကြားရသည်။

လွဲလွဲက ဝရန်တာသို့ ထွက်ပြီး လမ်းမဆီ ကြည့်သည်။

ဂျစ်ကားတစ်စီးက လမ်းမပေါ်တွင် မောင်းသွားသည်။ ကားပေါ်မှ လူတွေ မှာ ရေတို့ဖြင့် စိုရွှဲနေသည်။

မတ်တတ်ရပ် လိုက်ပါလာသူ လူငယ်နှစ်ဦးက တစ်စုံတစ်ရာကို လှမ်း အော်ပြီး လွဲလွဲကို လက်ပြသွားကြသည်။

လမ်းဘေးရှိ ညောင်ပင် မျိုထားသော သစ်ပင်ကြီး တစ်ပင်အောက်မှ ကလေးတစ်သိုက်က ဖြတ်သွားသော ဂျစ်ကားကို ရေနှင့် ပက်ကြသည်။

လက်ဝဲဘက် လှမ်းလှမ်း၌ တံတားတစ်ခု ရှိသည်။ ဤနေရာတွင်လည်း ရေခွက်ကိုယ်စီနှင့် ကလေးများကို တွေ့ရသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

စက်ဘီးတစ်စီးက တံတားနား ရောက်လာသည်။ စက်ဘီးပေါ်မှ လူကို ကလေးများက ဝိုင်း၍ ရွှေရည်ပက်ကြသည်။

သင်္ကြန်… သည်စကားက လဲ့လဲ့၏ နှုတ်ဖျားသို့ ပေါ်လာသည်။

မနေ့က သင်္ကြန်အကြိုနေ့ဟု မေမေက ပြောသည်။ သည်နေ့ နံနက်ကလည်း သင်္ကြန်အကျနေ့ဟု မေမေ ပြောသည်။

ဪ… သင်္ကြန်ဆိုသည်မှာ ရေပက်ကြသောအခါ…

လဲ့လဲ့၏နှာခေါင်းများတွင် ရေနံ့နှင့် မြေနံ့များကို ရသည်။ သည့်အပြင် ထူးဆန်း သင်းပျံ့မွှေးကြိုင်သော ရနံ့တစ်မျိုးကိုလည်း ရနေ၏။

ညက မိုးရွာသည်ကို လဲ့လဲ့ သတိရသည်။ ခြံတွင်းမှ မြေက မစိုမစိုလေး ရှိနေသည်ကို လဲ့လဲ့ တွေ့ရသည်။ သစ်ပင်များမှ သစ်ရွက်များကလည်း စိမ်းမြ သစ်လွင်နေကြ၏။

မွှေးရနံ့က ဘယ်က လာသနည်း။ သင်းပျံ့ပုံလေးက ယဉ်လှသည်ဟု လဲ့လဲ့ စိတ်တွင် ထင်မိသည်။

လဲ့လဲ့၏ မျက်လုံးများက လမ်းမ တစ်ဖက်ဘေးရှိ သစ်ပင်ကြီးတစ်ပင်ဆီ ရောက်သွားသည်။

သစ်ပင်ကြီးပေါ်တွင် ရွှေပွင့် ရွှေလွှာများ ထိန်ထိန်ဝင်းနေသည်။

ပိတောက်… သည်အပင်ကို လဲ့လဲ့ ကောင်းစွာ မှတ်မိ၏။ အို… ပိတောက်တွေ ပွင့်နေပါပကော။

သတိမူမိကာမှ မျက်နှာချင်းဆိုင်ရှိ ခြံကြီးများတွင်းမှ အခြားပိတောက်ပင်များကိုလည်း လဲ့လဲ့ မြင်သည်။ အားလုံးက ရွှေပွင့် ရွှေလွှာတွေကို ဆင်ထားကြသည်။

ပိတောက်… ပြီးတော့ စိန်ပန်း။

လဲ့လဲ့သည် ဝရန်တာ တစ်ဖက်စွန်းသို့ သွားပြီး တစ်ဖက်ခြံတွင်းသို့ ကြည့်မိသည်။ ရဲရဲနီနေသော စိန်ပန်းပင်ကြီး၏ တစ်စိတ်တစ်ပိုင်းကို ခါတိုင်းလိုပင် တွေ့ရသည်။

ဪ….သူနှင့် ယှဉ်နေသော ပိတောက်ပင်မှာလည်း ပိတောက်ပန်းတွေနှင့်။

mgyoe.com

mgyoe.com


လွဲလွဲသည် အခန်းတွင်းသို့ အပြေးကလေး ပြန်ဝင်လာပြီး ပြတင်းဝမှ ရပ်လျက် စိန်ပန်းပင်ကြီးနှင့် ပိတောက်ပင်ကြီးကို ကြည့်သည်။

သည်နေရာကတော့ နှစ်ပင်လုံးကို ပြည့်ပြည့်ဝဝ မြင်ရသည်။

လှလိုက်သည့်သစ် နှစ်ပင်။ နှစ်ပင်လုံး ပင်လုံးကျွတ် ပွင့်ဖြိုင်နေကြသည်။

ဘယ်အပင်နှင့် ဘယ်ပန်းက ပို၍ လှသနည်း။

စိန်ပန်းပင်က အချိုးအချိတ် ပိုကျသည်ဟု လွဲလွဲ ထင်သည်။ ပန်းချင်း ယှဉ်တော့ တစ်ပန်းက ရဲရဲနီ၊ တစ်ပန်းက ဝါဝါရွှေရွှေ၊ နှစ်မျိုးလုံး လှပသည်။ ပင်လုံးလွှမ်းအောင် ပွင့်ပုံမှာ စိန်ပန်းကပင် သာသည် ထင်၏။

သည်ကြားထဲက သူက မျက်နှာငယ်ပန်း။

ဪ... သူက မမွှေးရှာ။ ယခု မိမိနှာခေါင်းတွင် သင်းပျံ့နေသော မွှေးရနံ့များမှာ ပိတောက်မှ လာသည် ထင်သည်။

"သင်္ကြန် ရောက်ခါနီးပြီ၊ သင်္ကြန်ဆို သူတို့ ပွင့်ကြမယ်၊ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်တည်း တဲ့၊ သူက ရှားရှားပါးပါး ပွင့်တယ်၊ သူ့ကို မြတ်နိုးကြတယ်လေ၊ ရှားပါးတယ် မဟုတ်လား၊ ဟောဒီ စိန်ပန်းခမျာ ကတော့..."

တံတားဖြူလေးပေါ်တွင် သူ ပြောခဲ့သော စကားများကို လွဲလွဲ ပြန်ကြားယောင်လာသည်။

စိန်ပန်းပင်ကြီးနှင့် ပိတောက်ပင်ကြီးကို ငေးကြည့်နေသော လွဲလွဲမှာ မြင်ကွင်းတွင်းသို့ ဝင်လာသော သဏ္ဍာန်တစ်ခုကြောင့် မျက်လုံးပြူးသွားသည်။

လူငယ်တစ်ဦး။ ဟုတ်သည်။ ကလေးတစ်ယောက် မဟုတ်။ လူငယ် တစ်ဦး။

ဪ... လူပျိုပေါက်လေး။

လူငယ်က တိုက်ပုလေး၏ ခေါင်းရင်းပိုင်းမှ ပေါ်လာသည်။ သူက မိမိရှိရာဘက်သို့ ခေတ္တ မျက်နှာလှည့်သည်ကို လွဲလွဲ သတိပြုမိ၏။

လွဲလွဲက ကိုယ်ကို ရပ်လိုက်ပြီး နံရံကွယ်လျက် ဆက်ကြည့်သည်။

လူချောလေး တစ်ဦး။ အဝတ်အစားလေးတွေကမူ နွမ်းသည်။

သူကကော ဘယ်က ပေါ်လာသနည်း။ ဘာလာလုပ်ပြန်သနည်း။

mgyoe.com

mgyoe.com
SAMPLE BOOK


လူငယ်က စိန်ပန်းပင်ကြီးအောက်၌ ရပ်လိုက်ပြီး စိန်ပန်းပွင့်များကို မော့ကြည့်သည်။ ထို့နောက် ပိတောက်ပင်ကြီးကို လှမ်း၍ မော့ကြည့်နေပြန်၏။

"ဟော..."

ဟု ရုတ်တရက် နှုတ်မှ တိုးတိုး အသံထွက်မိသွားသည်။

ကောင်မလေးတစ်ယောက်။ ကောင်မလေး မဟုတ်။ အပျိုလေး။ အပျိုပေါက်မလေး။

သည်တစ်ချီတော့ လှဲ့လှဲ့ မျက်စိ မမှားနိုင်။ သေသေချာချာ မြင်ရသည်။ အပျိုမလေးက တိုက်ပုလေးအတွင်းမှ ထွက်လာသည်။

ပထမ ဆင်ဝင်အောက်၌ ခေတ္တရပ်ပြီး ဟိုဟိုသည်သည် ကြည့်သည်။

ကြည့်စမ်း... လှလိုက်သည့် ကောင်မလေး။

လည်တိုင်လေးက သွယ်ပြီး ရှင်းကာ ဝင်းလိုက်သည့်ဖြစ်ခြင်း။ကိုယ်လေးကလည်း ကြော့ပြီးရှင်းကာယဉ်လိုက်သည့်ဖြစ်ခြင်း။ပခုံးကျော်စဆံပင်လေးများကလည်း နက်မှောင်ပါဘိ။ ထဘီဝါဝါလေးနှင့်မို့ တစ်ကိုယ်လုံးမှာလည်း ဝင်းပါဘိ။ ဝါပါဘိ။

မချောလေးက ကောင်ချောလေးကို တွေ့သွားဟန်တူသည်။ စိန်ပန်းပင်ကြီးဆီသို့ လျှောက်သွားသည်။

မချောလေးက စိန်ပန်းပွင့်များကို လက်ညှိုး ညွှန်ပြပြီး တစ်စုံတစ်ရာ ပြောသောအခါ ကောင်ချောလေးက ရယ်ပြုံးပြီး ခေါင်းခါ၏။ မချောလေးကလည်း ရယ်လိုက်ပြီးမှ ပိတောက်ပင်ကြီးကို လက်ညှိုးညွှန်ပြပြန်သည်။

ကောင်ချောလေးက ပိတောက်ပင်ကြီးဆီ တွေတွေလေး လှမ်းကြည့်ပြီး နောက် တစ်စုံတစ်ရာ ပြန်မေးသည်။ မချောလေးက ခေါင်းညိတ်ပြသောအခါ ကောင်ချောလေးကသူလာခဲ့ရာအိမ်ခေါင်းရင်းပိုင်းဆီလျှောက်သွား၍ပျောက်ကွယ်သွား၏။

ပိတောက်ပွင့်များကို မော့ကြည့်လျက် မချောလေး ကျန်ရစ်သည်။

လှ... လှသေးတော့။ ကောင်မလေးကလည်း ဝင်းဝင်းဝါဝါ။ ပိတောက်ပန်းတွေကလည်း ဝင်းဝင်းဝါဝါ။

ထိုစဉ် ခြံတွင်းသို့ စက်ဘီးတစ်စီး တိုးဝင်လာသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဩော်..." ဟု လဲ့လဲ့ ရေရွတ်မိ၏။

လူပျိုပေါက်ကလေး တစ်ဦးပင်။

သူ့ကိုယ်မှာ ရေတွေဖြင့် ရွှဲနေသည်။ ရေရွှဲနေပေမယ့် သူ့အဝတ်အစားများက သစ်လွင် ကောင်းမွန်သည်။

"ဩော ဩော်... ဒီလိုကိုး"

ဟု လဲ့လဲ့က သဘောကျစွာ မှတ်ချက်ချမိ၏။

အကြောင်းမှာ ကောင်ကလေးက စက်ဘီးပေါ်မှ ဆင်းပြီး ပိတောက်ပန်းစည်းကြီး တစ်စည်းကို ကောင်မလေးအား ပေးသောကြောင့် ဖြစ်သည်။

ကောင်မလေးက ပိတောက်ပန်းစည်းကြီးကိုပိုက်လျက် ကောင်လေးကို ပြုံးပြုံးလေး ကြည့်နေသည်။ ငနဲသားလေးကလည်း ပြုံးလျက်-

'ဟိုက်'ဟု လဲ့လဲ့ အော်မိပြန်၏။

ခြံဝမှာ ကောင်လေး သုံးကောင်။ လူပျိုပေါက်လေး သုံးကောင်။ သူတို့လက်တွင်းမှာက ပုံးတွေ၊ ဖလားတွေနှင့်။

ရှေ့ဆုံးမှ တုတ်တုတ်ခိုင်ခိုင်နှင့် ကောင်လေးတစ်ကောင်က ဖလားကို ကိုင်၍ ပြေးဝင်လာသည်။

ကောင်မလေးထံမှ အလန့်တကြား အော်သံ ကြားရ၏။

မချောလေးက ပန်းစည်းကြီးကို လွှတ်ချကာ အိမ်ဆီ ပြန်ပြေး၏။

တစ်ဟုန်ထိုး ပြေးလာသော တုတ်တုတ်ခိုင်ခိုင် ကောင်လေး၏ လက်မှ ဖလားကို ပန်းစည်း ယူလာသော ကောင်လေးက ဝင်လု တားမြစ်သည်။

ဖလားမှာ မှောက်လန်ကာ ရေတွေ ဖိတ်ကုန်၏။

တုတ်တုတ်ခိုင်ခိုင် ကောင်လေးက ဒေါသတကြီးဖြင့် ဖလားနှင့် ရိုက်မည် ရွယ်၏။

"ဘုရား... ဘုရား... ရန်ဖြစ်ကုန်ကြပြီ"

ဖလားနှင့် အရွယ်ခံရသော ကောင်လေးက တုန်လှုပ်ဟန်မပြ။ မားမားရပ်လျက် ခန့်ခန့်ကြီး ခါးထောက်ကာ ရန်ပြုသူကို စိုက်ကြည့်နေ၏။ အာဂ သတ္တိ။

တုတ်တုတ်ခိုင်ခိုင် ကောင်လေး၏ ဖလား ကိုင်ထားသော လက်သည် ပြန်ကျလာ၏။ သူက ခေတ္တမျှ ခါးထောက်ရပ်နေသူ ကောင်ကလေးကို စောင်

mgyoe.com

mgyoe.com

ကြည့်နေသေး၏။ ထို့နောက် မြေပြင်၌ ကျနေသော ပန်းစည်းကို ရုတ်တရက် ကောက်ယူလိုက်ပြီး ခြံပြင်သို့ လျင်မြန်စွာ ထွက်ပြေးသွား၏။

မမျှော်လင့်၍ ထင်သည်။ သတ္တိခဲကောင်လေးက ခေတ္တကြောင်လျက် ကျန်ရစ်သည်။ သို့ရာတွင် ခဏချင်းမှာပင် ထွက်ပြေးသူနောက်သို့ အပြေးလိုက်တော့၏။

ကျန်ကောင်လေးနှစ်ကောင်ကပါထွက်သွားကြရာ ခြံတွင်း၌မည်သူမျှ မကျန်တော့။

ရင်တဖိုဖိုဖြင့် လဲ့လဲ့က ဆက်ငေးကြည့်ရှုနေ၏။

မကြာပါ။ ကောင်ချောလေး ပြန်ပေါ်လာ၏။

သြော်... သူ့လက်တွင်းမှာ တံချူတစ်ခုနှင့်။

မချောလေးလည်း တိုက်တွင်းမှ ပြန်ထွက်လာသည်။

မချောလေးက လက်ဟန်၊ ခြေဟန်နှင့် အဖြစ်အပျက်တို့ကို ပြန်ပြောပြသည် ထင်၏။

ကောင်ချောလေးကတံချူလေးကိုကိုင်လျက်ခြံပြင်ဘက်သို့ငေးကြည့်နေသည်။

ပြေးလိုက်သွားသော ကောင်ကလေးက ခြံဝမှ ပြန်ဝင်လာသည်။ သူ့လက်တွင်း၌ ပိတောက်ပန်းစည်း ပြန်ပါမလာ။

သူတို့သုံးယောက်သည် ခေတ္တ စကားပြောနေကြပြီးနောက် ပန်းစည်းယူလာသော ကောင်ကလေးက ကောင်ချောလေး၏ လက်မှ တံချူကို လှမ်းယူရာ ကောင်ချောလေးက မပေးချင် ပေးချင်ဟန်ဖြင့် ပေးလိုက်ရ၏။

လဲ့လဲ့က ကြားထဲက မခံချင် ဖြစ်ပြီး အံကြိတ်သည်။

"ဒါ သက်သက် အနိုင်ကျင့်တာ၊ လူများ ချူတံကို"

ပန်းစည်းယူလာသောကောင်ကလေးက ပိတောက်ပင်ကြီးနားချဉ်းကပ်သွားပြီး ပိတောက်ပန်းတို့ကို တံချူနှင့် ချူရန် ကြိုးစား၏။

သို့ရာတွင် မမီ။ တံချူက တိုနေ၏။

"ကောင်းတယ်" ဟု လဲ့လဲ့က သြဘာပေးသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကောင်ကလေးက တံချူကို ပစ်ချလိုက်ပြီး ကောင်ချောလေးကို တစ်စုံတစ်ရာ ပြောနေ၏။

သူ့အမူအရာက အပြစ်တင်ဟန်။ သရော်ဟန်။

ကောင်ချောလေးကတော့ ဘာမျှ မပြော။ ငြိမ်ငြိမ်လေး ရပ်နေ၏။

ပန်းစည်း ယူလာသော ကောင်လေးက မချောလေးနား ကပ်ပြီး တစ်စုံတစ်ရာ ပြောနေပြန်သည်။

ထို့နောက် သူ့စက်ဘီးလေးကို စီးပြီး ပြန်ထွက်သွား၏။

ထိုအခါကျမှ ကောင်ချောလေးက သူ့တံချူလေးကို သူပြန်ကောက်ကိုင်သည်။

သူ ဘာလုပ်ဦးမည်နည်း။ အပင်ပေါ် တက်ချူမည်လော။

သို့ရာတွင် ပိတောက်ပင်စည်ကြီးက ချောပြောင်နေကာ ခွဆုံကြီးက မြင့်လှ၏။

စူးစမ်းစိတ်ဖြင့် လှဲ့လှဲ့ကြည့်နေခိုက် ကောင်ချောလေးက စိန်ပန်းပင်ကြီးဆီ သွား၏။

စိန်ပန်းပင်ကြီး၏ ခွဆုံက မမြင့်၊ ခက်မကြီးများကလည်း ဖြာထွက်နေကြသည်။

ကောင်ချောလေးက စိန်ပန်းပင်ကြီးပေါ် အလွယ်တကူ တက်သွားပြီး ခက်မကြီးတစ်ခုပေါ်မှနေ၍ တစ်ဖက် ပိတောက်ပင်ကြီးဆီ တံချူနှင့် လှမ်းချူ၏။

ဉာဏ်ကောင်းလိုက်သည့် သတ္တဝါလေး။ တံချူက ပိတောက်ပွင့်များဆီ ကောင်းကောင်းမီသည်။

ကောင်ချောလေးက ပိတောက်ခက်များကို ချူချပေး၏။ ရွှင်မြူးဟန်နှင့် မချောလေးက ပိတောက်ခက်များကို လိုက်ကောက်နေ၏။

သူတို့ကို ကြည့်ပြီး လှဲ့လှဲ့ပါ ရွှင်မြူးလာ၏။ ရင်တွင်းမှာ ကြည်နူး၍လည်း လာသည်။

ကောင်ချောလေးကစိန်ပန်းပင်ကြီးထက်မှပြန်ဆင်းလာပြီးပိတောက်ခက်များကို ကူကောက်ပေးသည်။

mgyoe.com